**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ **ဓမ္မပဒ**


# မြဝတီ နေ့စဉ်

**အမှားအမှန်ပိုင်းခြားသိမြင် မြဝတီနေ့စဉ်**


**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၄၁)

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်
၂၀၂၆ ခုနှစ်၊ မေ ၂၉ ရက်၊ သောကြာနေ့


"နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့"

- ❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။
- ❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

ပညာ

**ကျောင်းအပ်နှံရေးသီတင်းပတ်**
**(၂၅.၅.၂၀၂၆ ရက်နေ့မှ ၃၁.၅.၂၀၂၆ရက်နေ့ထိ)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီ၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့တရားဝင်ခရီးစဉ်သွားရောက်မည်


**နေပြည်တော် မေ ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီ၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ မကြာမီရက်ပိုင်းအတွင်း တရားဝင်ခရီးစဉ်သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် အိန္ဒိယနိုင်ငံသမ္မတနှင့်တွေ့ဆုံခြင်း၊ ဝန်ကြီးချုပ်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲများကျင်းပခြင်းတို့အပြင် အိန္ဒိယအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အကြီးအကဲများနှင့် စီးပွားရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကိုလည်း လက်ခံတွေ့ဆုံသွားမည်ဖြစ်သည်။ ထို့အပြင် အထင်ကရအခြေခံအဆောက်အဦ စီမံကိန်းများကိုလည်း လေ့လာသွားမည်ဖြစ်ပြီး ခရီးစဉ်အတွင်း နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား စီးပွားရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်၍ ဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည်ဖြစ်ပါသည်။ **မြဝတီ**





## ယာဉ်အို / ယာဉ်ဟောင်းများ ပယ်ဖျက်ရေးနှင့် အစားထိုးလျှပ်စစ်သုံးယာဉ်များ တင်သွင်းရေး အသိပေးကြေညာချက်

မော်တော်ယာဉ်များ ထုတ်လုပ်ခဲ့သည့်ခုနှစ်ကြာမြင့်ပြီး အိုမင်းဟောင်းနွမ်းသော မော်တော်ယာဉ်များသည် စက်သုံးဆီပိုမိုသုံးစွဲရခြင်းကြောင့် ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်မှုဖြစ်ခြင်း၊ ယာဉ်များ၏ကြံ့ခိုင်မှုအားနည်းခြင်းသည် ယာဉ်မတော်တဆမှုများဖြစ်ပေါ်ခြင်း၊ ယာဉ်မှပိုမိုထွက်သော မီးခိုးငွေ့များသည် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေခြင်းတို့ကို ဖြစ်ပေါ်စေသောကြောင့် ထုတ်လုပ်သည့်ခုနှစ်မှ သက်တမ်းနှစ် ၂၀ ကျော်လွန်ယာဉ်များ၊ **စာမျက်နှာ ၁၄ ကော်လံ ၄ ➔**

**ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့**

ဆောင်းပါး စာ - ၁၃ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မေ ၂၉ ရက်)

# အယ်လ်နီညိုဖြစ်စဉ် သတိပြုဆင်ခြင်နိုင်ရေး

အီကွေတာအနီးရှိအပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့်လေထုဖြစ်စဉ်များမှာ အယ်လ်နီညိုဖြစ်ပေါ်နိုင်သောအခြေအနေများကိုတွေ့ရှိရသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြမော်ဒယ်များခန့်မှန်းချက်အရ လာမည့်ဇွန်လမှစတင်၍ အားအနည်းငယ်ရှိသော အယ်လ်နီညိုအခြေအနေသို့ရောက်ရှိနိုင်ပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားကောင်းသော အယ်လ်နီညိုအခြေအနေသို့ရောက်ရှိနိုင်သည်ဟုခန့်မှန်းရသည်။ အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင်ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှုမမှန်ခြင်း၊ နေ့အပူချိန်များမြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများမှုမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သည်။

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်ဒေသများ၊ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့်အရှေ့အလယ်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မေလ ၂၃ ရက်တွင်ကြေညာထားသည်။ မကြာမီအချိန်အတွင်း အနောက်တောင်မုတ်သုံလေသည် တစ်နိုင်ငံလုံးသို့ အားကောင်းစွာပျံ့နှံ့ဝင်ရောက်ခြင်းနှင့်အတူ မိုးရွာသွန်းမှုများစတင်တော့မည်ဖြစ်သည်။ မုတ်သုံဝင်ရောက်ချိန် မိုးလေဝသဖြစ်စဉ်များကိုသတိပြုရန်နှင့် အယ်လ်နီညိုအစွန်းရောက်ရာသီဥတုဖြစ်စဉ်၏သက်ရောက်မှုများကို သတိပြုနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အချိန်နှင့်တစ်ပြေးညီ မိုးလေဝသသတင်းများကိုထုတ်ပြန်ပေးလျက်ရှိသည်။

ယခုနှစ် မေလမှ ဇူလိုင်လအတွင်း အယ်လ်နီညိုရာသီဥတုစတင်ဖြစ်ပေါ်ရန် ၈၂ ရာခိုင်နှုန်းအထိ သေချာနေသည်ဟုကမ္ဘာ့မိုးလေဝသအဖွဲ့ (WMO) နှင့် အမေရိကန်အမျိုးသားသမုဒ္ဒရာနှင့် လေထုစီမံခန့်ခွဲမှုအဖွဲ့ (NOAA) တို့က ထုတ်ပြန်ထားသည်။ ပစိဖိတ်သမုဒ္ဒရာအတွင်း ရေပြင်အပူချိန်များ စံချိန်တင်လျင်မြန်စွာ မြင့်တက်လာနေခြင်းကြောင့် ယခုနှစ်ကုန်ပိုင်း အောက်တိုဘာလမှ နောက်နှစ်ဖေဖော်ဝါရီလအတွင်း အလွန်အားကောင်းသောအယ်လ်နီညိုအဆင့်အထိရောက်ရှိနိုင်သည်။

ထိုသို့ရောက်ရှိဖြစ်ပေါ်လာပါက မြန်မာနိုင်ငံအပါအဝင်အာရှဒေသများတွင် အပူချိန်အလွန်မြင့်မားသည့် အခြေအနေကြုံတွေ့နိုင်သည်။ ၂၀၂၆ ခုနှစ်နှင့် ၂၀၂၇ ခုနှစ်တို့သည် ကမ္ဘာ့သမိုင်းတစ်လျှောက် အပူဆုံးနှစ်များဖြစ်လာနိုင်သည်ဟုဆိုသည်။ အရှေ့တောင်အာရှဒေသတွင် ပုံမှန်အောက်မိုးရွာသွန်းမှုလျော့နည်းပြီး မိုးခေါင်ရေရှားမှုများဖြစ်ပေါ်လာနိုင်သည်။ ပြည်သူများအနေဖြင့် အထူးသတိပြုရမည်မှာ အယ်လ်နီညိုဖြစ်စဉ်သည် ကမ္ဘာတစ်ဝန်းတွင် မိုးခေါင်ခြင်းနှင့် အပူချိန်မြင့်မားခြင်းတို့ကို ဖြစ်ပေါ်စေရာ ယခုနှစ်တွင် တောမီးလောင်ကျွမ်းမှုများ ကမ္ဘာတစ်ဝန်းတွင်ပြင်းထန်လာနိုင်သည်ဟု ပညာရှင်များက သတိပေးထားသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောသည် မေလ ၂၅ ရက်ကကျင်းပသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင်အမှာစကားပြောကြားစဉ် **"ယခုကာလသည် မုတ်သုံကာလကိုရောက်ရှိလာပြီဖြစ်သည့်အတွက် မုတ်သုံကာလအတွင်းဖြစ်ပေါ်လေ့ရှိသည့် မုန်တိုင်း၊ မြစ်ရေကြီးခြင်းအပါအဝင်နောက်ဆက်တွဲဘေးအန္တရာယ်များကို ဒေသအလိုက် သတိပြု၍ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိုးလေဝသဆိုင်ရာခန့်မှန်းချက်၊ ကြိုတင်သတိပေးချက်များကိုမျက်ခြည်မပြတ် ဂရုတစိုက်သိရှိစေရန်လည်း လိုအပ်ကြောင်း၊ ယခုကာလအတွင်း မြန်မာနိုင်ငံအလယ်ပိုင်းရှိဒေသအချို့တွင် အပူချိန်များလာပြီး အယ်လ်နီညိုဖြစ်နိုင်ခြေကိုလည်းတွေ့ရှိရကြောင်း၊ တစ်ဖက်တွင်လည်း ငလျင်ဘေးအန္တရာယ်ကို အထူးသတိပြုရန်လိုအပ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် နေ့စဉ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်၊ နေ့စဉ်ပင်လယ်ပြင်ခရီးနှင့်လေကြောင်းမိုးလေဝသခန့်မှန်းချက်များ၊ ထူးခြားမိုးလေဝသအခြေအနေများ၊ မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်သတိပေးချက်များကို အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ခြင်း၊ ၁၀ ရက်ပတ်နှင့် လပတ် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်များ၊ မိုးရာသီကာလယေဘုယျခန့်မှန်းချက်၊ မိုးဦး/ မိုးလယ်/ မိုးနှောင်းကာလခန့်မှန်းချက်၊ ဆောင်းရာသီကာလယေဘုယျခန့်မှန်းချက်၊ အယ်လ်နီညို/ လာနီညာအခြေအနေသတင်း၊ မြေငလျင်သတင်းနှင့် ဆူနာမိသတင်းထုတ်ပြန်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို တားဆီး၍မရနိုင်သော်လည်း ကြိုတင်သတိပြုခြင်း၊ ခန့်မှန်းချက်၊ သတိပေးချက်နှင့် အကြံပြုချက်များကိုလိုက်နာခြင်းနှင့် အချိန်မီတုံ့ပြန်ဆောင်ရွက်ခြင်းတို့သည် လူသားတို့၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်နိုင်ရန်အတွက် အဓိကကျသောအချက်များဖြစ်သည်။ ထို့ကြောင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီထုတ်ပြန်လျက်ရှိသော သဘာဝဘေးအန္တရာယ်အမျိုးမျိုးအတွက် ခန့်မှန်းချက်များ၊ ကြိုတင်သတိပေးချက်များနှင့်အကြံပြုချက်များကို သိရှိနားလည်ကြပြီး ကြိုတင်သတိပြုစောင့်ကြည့်၍ ဘေးကင်းနိုင်စေဖို့ကိုအထူးသတိပြုဂရုစိုက်ကြရန်ဖြစ်သည်။ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်ပေရာ မိုးလေဝသ သတင်းများသည် စိုက်ပျိုးရေးလုပ်ငန်းအတွက်များစွာအရေးပါလှသည်။ သတင်းများကိုအစဉ်တစိုက်လေ့လာထားခြင်းအားဖြင့် မိမိတို့၏လုပ်ငန်းများကို အောင်မြင်ပြီးမြောက်စွာ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် အယ်လ်နီညိုဖြစ်စဉ်သတိပြုဆင်ခြင်နိုင်ရေး ကြိုတင်မြော်တွေးဆောင်ရွက်ကြရန်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

တနိုင်း မေ ၂၈

ကချင်ပြည်နယ် တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ မိုင်းခွန်ခေတ်မီစံပြကျေးရွာ၌ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မေလ ၂၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ တနိုင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးထွန်းမင်းလွင်က မီးခိုးမြူငွေ့လျှော့ချခြင်း၊ စနစ်တကျအမှိုက်စွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ အိမ်တွင်းညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့်ကူးစက်ရောဂါအမျိုးမျိုးနှင့် ကြိုတင်ကာကွယ်ခြင်းနည်းလမ်းများ၊ ဆောင်ရန်၊ ရှောင်ရန်စသည့်အသိပညာဗဟုသုတများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းနှင့် ဝန်ထမ်းများက ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချခြင်း၏ အကျိုးကျေးဇူးများ၊ အမှိုက်အမျိုးအစားများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအသိပညာများကို ရှင်းလင်းဆွေးနွေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် တာဝန်ရှိသူများက အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြောင်း သိရသည်။

**သော်ဇင်ထူး**


ဓမ္မဝတီ နေ့စဉ် the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပဲခူးမြို့ မြို့တော်ခန်းမ၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပ



ပဲခူး မေ ၂၈

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေလ ၂၇ ရက်က ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းတက်ရောက်သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ကျောင်းအပ်နှံပေးခြင်းသည် သားသမီးများ၏ ဘဝတစ်သက်တာအတွက် အကောင်းဆုံးလက်ဆောင် တစ်ခုပေးခြင်းဖြစ်သကဲ့သို့ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာစေရေး ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများက ကျောင်းသုံးပစ္စည်းများ၊ ကျောင်းဝတ်စုံနှင့် စာသင်ခန်းသုံး သင်ထောက်ကူပစ္စည်းများကို သက်ဆိုင်ရာခရိုင်ပညာရေးမှူးထံ ပေးအပ်သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် အစိုးရကျောင်းအနေဖြင့် အခြေခံပညာ အထက်တန်းကျောင်း ၅၀၀၊ အလယ်တန်းကျောင်း ၂၁၅၉ ကျောင်း၊ မူလတန်းကျောင်း ၁၈၂၃ ကျောင်းတို့ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအနေဖြင့် အခြေခံပညာအလယ်တန်းကျောင်း ၆၇ ကျောင်း၊ မူလတန်းကျောင်းငါးကျောင်း၊ ပုဂ္ဂလိကကျောင်းအနေဖြင့် အခြေခံပညာအထက်တန်းကျောင်း ၈၇ ကျောင်း၊ အလယ်တန်းကျောင်း ၁၆ ကျောင်းနှင့် မူလတန်းကျောင်း ၁၄ ကျောင်းတို့ ဖွင့်လှစ်ကာ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ (၄၁၀)

## သီပေါမြို့နယ် နောင်ကတ်ကျေးရွာ၌ ရှမ်းစာပေအခြေခံသင်တန်းဆင်း

သီပေါ မေ ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ် နောင်ကတ်ကျေးရွာ ရွှေတောင်စာကြည့်တိုက်ခန်းမ၌ နွေရာသီ ရှမ်းစာပေအခြေခံသင်တန်းဆင်းပွဲအခမ်းအနားကို မေလ ၂၈ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကောင်းသက်စံ၊ မြို့မရဲစခန်းမှ ဒုတိယရဲမှူး အောင်ဇော်မိုး၊ တိန်းစံကျေးရွာနှင့် နောင်ကတ်ကျေးရွာတို့မှ တာဝန်ရှိသူများက အသီးသီးအမှာစကားပြောကြားကြကာ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ သင်တန်းထူးချွန်ဆု၊ သင်တန်းဆင်းလက်မှတ်နှင့် ဂုဏ်ပြုလက်ဆောင်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့်တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ကြပြီး သင်တန်းသူများက ရိုးရာအကအလှများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

အဆိုပါ ရှမ်းစာပေအခြေခံသင်တန်းကို မတ်လ ၂၀ ရက်မှ မေလ၂၀ ရက်အထိ ဖွင့်လှစ်ပြီး နည်းပြဆရာမသုံးဦးက သင်ကြားပြသပေးကာ ရှမ်းစာပေအခြေခံနှင့် ရှမ်းရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို နားလည်သိရှိစေရန်ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ချမ်းမြေ့

## ကြက်သွန်နီဈေးကွက်အတွင်း ပြည်တွင်းပြည်ပဝယ်လိုအားကောင်းနေ၍ အရောင်းအဝယ်သွက်နေ



ရန်ကုန် မေ ၂၈

ရန်ကုန်ကြက်သွန်နီဈေးကွက်အတွင်း ပြည်တွင်းပြည်ပ ဝယ်လိုအားကောင်းနေ၍ အရောင်းအဝယ်သွက်နေကြောင်း ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်ရှိ ကြက်သွန်နီကုန်သည်များ၏ ပြောပြချက်အရ သိရသည်။

အဓိကအားဖြင့် မြင်းခြံ၊ မုံရွာနှင့် ပခုက္ကူဒေသတို့မှထွက်ရှိသည့် ကြက်သွန်နီများကို ရန်ကုန်ဈေးကွက်အပြင် မန္တလေးနှင့် တခြားဈေးကွက်များသို့ တင်ပို့ရောင်းချနေရပြီး ဈေးနှုန်းမှာ အရည်အသွေးအလိုက် အမျိုးမျိုးရှိကြောင်း သိရသည်။

သို့သော် ရာသီဥတုအခြေအနေကြောင့် တောင်သူများနှင့် ကုန်သည်များအတွက် အခက်အခဲတချို့ရှိပြီး ယခုနှစ် ကြက်သွန်နီအထွက်နှုန်းမှာ မိုးရွာသွန်းမှုပေါ်မူတည်၍ တောင်သူများအနေဖြင့် ဈေးကွက်တည်ငြိမ်မှုရှိရန် မျှော်မှန်းထားကြောင်း ရန်ကုန်ဈေးကွက်မှ ကြက်သွန်နီကုန်သည် ဦးဖြိုးအောင်ကပြောသည်။

ထို့ပြင် ကုန်သည်များ၏ခန့်မှန်းချက်များအရ ပြည်တွင်းဝယ်လိုအားရှိနေပါက ကြက်သွန်နီဈေးကွက်မှာ လာမည့်လများအတွင်း အရောင်းအဝယ်ဆက်လက်ကောင်းနိုင်ကြောင်းနှင့် လတ်တလောတွင် ရန်ကုန်မြို့ရှိ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြက်သွန်နီထွက်ရှိသော နယ်စုံမှ ကြက်သွန်နီများဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ဝါဝါ

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် နှမ်းဧက ၂၄၀၀၀ ကျော် လျာထားစိုက်ပျိုးမည်

ပွင့်ဖြူ မေ ၂၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် နှမ်းဧက ၂၄၀၀၀ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်၌ နှမ်းဧက ၂၄၇၂၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ နှမ်းစိုက်ဧက ၂၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ သတ်မှတ်စိုက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးပါမယ်။ ဆီစားသုံးမှုဖူလုံစေဖို့ရော ဆီထွက်သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်စေဖို့အတွက်ပါ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ အရည်အသွေးကောင်းတဲ့ ဆီထွက်သီးနှံတွေရရှိစေဖို့ GAP နည်းစနစ်နဲ့အညီ စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးပါမယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် နှမ်းစိုက်တောင်သူများကို အပင်များအောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားရောဂါကင်းရှင်းစေရန်၊ စိုက်နည်းစနစ်များ မှန်ကန်စေရန်၊ အထွက်နှုန်းကောင်းသောမျိုးများ စိုက်ပျိုးနိုင်ရန်၊ စိုက်ခင်းများအတွင်း ပေါင်းမြက်များ ကင်းစင်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုပါ ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ တောင်သူများ၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)



# ကမ္ဘဖလ

တင့်တယ်

**ယမန်နေ့မှအဆက်**

လက်ဦးပထမက သွေးဆူလျက် ချက်ချင်းပင် အားလုံးကို သတ်ချင်၏။ သတ်ချင်စိတ်အတိုင်း ဓားနှင့် အားလုံးခုတ်သတ်လျှင် လွတ်သူတို့လွတ်လေဦးမည်။ မည်သူမျှမလွတ်ဘဲ အားလုံးကိုပင် လည်ပင်းကိုဖြတ်နိုင်သည်ထားတော့။ ကျွန်ုပ်မှာ စက်တိုင်သို့ တင်ရမည်မလွဲပေ။ ထို့ပြင် အသိုင်းအဝိုင်းကောင်းလှသော သူတို့ကြားတွင် ကျွန်ုပ်ပင်လျှင် အရေးနိမ့်လိုက နိမ့်နိုင်ပေသေးသည်။ သို့ဖြစ်လေရာ ကျွန်ုပ်မှာ ချက်ချင်းသတ်ချင်သောစိတ်ကိုနှိမ်ခဲ့ရ၏။ နှိမ်ပြီးလျှင် ရင်တွင်း၌သာ တကျိတ်ကျိတ်နာကြည်းရင်း ကျွန်ုပ်ဘက်က မည်သည့်နည်းနှင့်မျှ အရှုံးမပေါ်နိုင်သောလက်စားချေနည်းကို အမျိုးမျိုးကြံဆခဲ့၏။ ကျွန်ုပ်တွင် မှဲ့တစ်ပေါက်မျှအစွန်းမခံရဘဲ သင်းတို့တစ်တွေအားလုံး သေ၍ကုန်မှ ကျွန်ုပ်သည် အဘိုး၏ ပစ္စည်းထုထည်ကြီးပေါ်၌ စုံခွ၍ ထိုင်နိုင်မည် မဟုတ်ပါလော့။ ကျွန်ုပ်၏ ရည်ရွယ်ချက်မှာ သင်းတို့တစ်မြုံလုံးကို သတ်ရုံမျှ သတ်ဖို့သာမဟုတ်၊ သင်းတို့အားလုံး ပျက်စီးသည့်အပြင် အဘိုး၏ အမွေအနှစ်အားလုံးကိုလည်း ကျွန်ုပ်တစ်ဦးတည်း ခံစားရဖို့ ရည်ရွယ်သည်လည်းဖြစ်ပေရာ ငါးနှစ်ကြာမျှစောင့်၍ ကိုယ့်တပ်ကို ကိုယ်လုံအောင် တည်ဆောက်ခဲ့ရပေတော့သည်။

သို့တည်ဆောက်နေရသည့်အတွင်းဝယ် ပါးစောင်ခွေးစွယ်နေရာက ရွှေသွားကလေးတဝါဝါသည် ကျွန်ုပ်အား အဘိုးဦးနကီပေါင်ပေါ်မှ တွန်းချသည့် ကလေးဘဝအစွဲ ငုပ်စိတ်အစက ကျွန်ုပ်၏ရည်ရွယ်ချက် သန္နိဋ္ဌာန်ကြီးကိုမမေ့။ အခွင့်အလမ်းမပေါ်သေး၍ လည်းကောင်း၊ အခွင့်အလမ်းပေါ်အောင် စောင့်ရစဉ်တွင် ကိုယ့်အခြေခိုင်ဖို့ ပြုစုနေရခြင်းဖြင့် လည်းကောင်း အချိန်ကို ကိုယ်ကျိုးရှိအောင်အသုံးချ၍ နေခဲ့ခြင်းဖြစ်ပေသည်။ ကျွန်ုပ်၏ ရည်ရွယ်ချက်ကြီးများ အောင်မြင်စေရန်မှာ အစောင့်တတ်ဖို့လို၏။ အစောင့်တတ်ခြင်းမှာ တခြားမဟုတ်၊ ကိုယ်လုပ်လိုသော အလုပ်ကိုမလုပ်ရမီ အချိန်ကိုစောင့်နေဆဲ၌ တခြားအလုပ်တစ်ခုခုကို လုပ်၍နေခြင်းပင်ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်၏ လက်စားချေလိုစိတ်မှာ ငါးနှစ်ကြာသော်လည်း ဆံခြည်တစ်ခြမ်းမျှမလျော့ခဲ့။ တွေးလေ ... နာလေ အမြစ်ပို၍ ခိုင်မာစွာ တွယ်လေဖြစ်၏။ လက်စားချေလိုစိတ်သည် လက်ဦး ဒေါသထွက်စဉ်က သံရည်ပူပူနှင့်တူခဲ့၏။ သံရည်မှာ ပူနေစဉ်၌ လိုရာကိုပုံသွန်း၍ရသေး၏။ အေး၍ခဲသွားသောအခါ၌ကား မည်သို့မျှ လွယ်လွယ်နှင့် ပြုပြင်ဖန်တီး၍မရနိုင်တတ်ပေ။ ထိုနည်းအတူ မိခင်အတွက်နှင့်လည်းကောင်း၊ မောင်ညီမ်းအောင်လက်သီးချက်ကြောင့်လည်းကောင်း ကျွန်ုပ်ဒေါသ တွေဆူဝေ၍ နေစဉ်က အကယ်၍များ ဦးဒေါနသာ ကျေရာကျေကြောင်း တစ်ခုခုလုပ်လိုက်လျှင် ကျွန်ုပ်၌ လက်စားချေလိုစိတ်ပေါ်လိုမှ ပေါ်လာပေမည်။ ယခုကဲ့သို့ တဖြည်းဖြည်းသွေးအေးလာခဲ့သည်၌ လက်စားချေလိုစိတ်သည်လည်း သံရည်ပူ အေး၍ခဲသလို မည်သည့်နည်းနှင့်မျှ အခဲမကျေနိုင်ရှိပေရကား ... မမေ့။ ဘယ်အခါမျှမမေ့။ လက်စားလှလှ ချေနိုင်မည့်နေ့ကိုသာစောင့်ခဲ့၏။

မစောင့်လျှင်လည်းမဖြစ်။ ကျကျနန ပိပိရိရိကြီး လက်စားချေရန်မှာမလွယ်။ တစ်ဆွေလုံးတစ်မျိုးလုံးကို ပြောင်းဖူးစေ့ခြွေသလို တစ်ယောက်ပြီးတစ်ယောက် ဘယ်သူမျှမရိပ်မိစေဘဲ အသက်တွေကိုဖျက်ခြွေရမည်မှာ သာ၍မလွယ်ပေ။ ထိုသို့ မည်သူမျှ သင်္ကာယန အစွန်းအစမျှ မထင်ကြအောင် လက်စားချေနိုင်မှလည်း ကျွန်ုပ်မှာ အဘိုး၏အမွေကို ဒိုင်ခံရပေမည်ဖြစ်၏။ ယင်းနည်းဖြင့် လက်စားချေရန်မှာ လက်ဦးဆုံး သူတို့၏အနီးသို့ ချဉ်းကပ်နိုင်မှဖြစ်ပေမည်။ ပထမတစ်ချီ၌ စေတနာဖြင့် ချဉ်းကပ်ကြည့်၏။ လက်သီးစာ အကျွေးသာခံရ၏။ မကပ်နိုင်ခဲ့။ ယခုကဲ့သို့ တစ်မြုံလုံးသတ်ဖြတ်ရန် ဆုံးဖြတ်ချက်ဖြင့် သူတို့အနီးသို့ ကပ်ရန်မှာ ပို၍မလွယ်ပေ။ အခွင့်လမ်းကို ဖမ်းယူတတ်မှ ကပ်သာမည်ဖြစ်၏။ အခွင့်လမ်းကိုလည်းစောင့်ရ၏။ ထို့ပြင် ကျွန်ုပ်အား နဖူးတွေ့ဒူးတွေ့ တွေ့ကြစဉ်က ဆူလျှံကြသော သူတို့၏ ဒေါသမီး အရှိန်အတောက် ငြိမ်းအေးအောင်လည်း စောင့်ရ၏။ အနာတက်ခိုက်တွင် ဆေးချက်မထိနိုင်ပေ။ တစ်ဖန် ကျွန်ုပ်၏ကိုယ်ပိုင်ခြေကုပ်ရဖို့ကိုလည်း စောင့်ရ၏။ ငါးနှစ်စောင့်ခဲ့ရလေပြီ။ စောင့်ရကျိုးကား ကိုယ်ပိုင်အခြေကို ရသဖြင့် ကျေနပ်လောက်၏။ သို့ရာတွင် အောင်မြင်မှုအထွတ်အထိပ်သို့ကား မရောက်သေး၊ ကိစ္စမရှိပါ။ ကျွန်ုပ်သည် ကြောင်လက်သည်း ဝှက်သကဲ့သို့ သည်းခံ၍ ဖွဲ့နှင့်စောင့်တတ်သောအလေ့ကို ဖူးဖူးလုံလုံကြီး ရခဲ့ပြီဖြစ်ပေသည်။

သို့နှင့် အထက်၌ ဆိုခဲ့သည့်အတိုင်း ကျွန်ုပ်သည် အသက် ၂၃ နှစ် အရွယ်သို့ရောက်သောအခါ ယာယီမြေတိုင်းအင်စပက်တော်ရာထူးဖြင့် အသန့်ကလေးတို့ရှိရာ နေရင်းမြို့သို့ ပြန်၍ရောက်ခဲ့၏။ ကျေးဇူးရှင်များနှင့်တကွ အသန့်တို့ ဝမ်းမြောက်ဝမ်းသာရှိကြသည်မှာ ရေး၍မပြနိုင်တော့ပြီ။ ကျွန်ုပ်၏ ကျေးဇူးရှင်ကြီးတစ်ဦးဖြစ်သော မြို့ကျောင်းဆရာတော်ကြီးကပင် ကျွန်ုပ်သွား၍ သက်န်းတစ်စုံလှူဒါန်းသောအခါ၌ "အိမ်း ... ကံကောင်းဆိုတာနဲ့လိုက်အောင် ငယ်ငယ်က ကံမကောင်းခဲ့ပေမယ့် ငါ့တပည့်ဝီရိယအကျိုးကြောင့် ရှေ့ကိုဆက်ပြီး ကံကောင်းပါလိမ့်မယ် ... အခုလို ကိုယ့်မြို့ကိုယ့်ရွာပြန်ပြီး မင်းမှုထမ်းရတဲ့လူဟာ အရှားသားပဲ" ဟု မိန့်ပါသည်။ .

နေရင်းမြို့ကလေးကို ကျွန်ုပ်ပြန်ရောက်ခဲ့သည်၌ လက်ဦးတွင် အသန့်တို့အိမ်၌ တည်းခိုနေရ၏။ များမကြာမီပင် အသန့်တို့အိမ်ခြေရင်းက ကျွန်ုပ်ချက်မြှုပ်ရာ အိမ်ကလေးမှာ ချစ်တီးတစ်ယောက်က မြေရာကိုဝယ်၍ အိမ်ကလေးတစ်လုံးဆောက်လေရာ ထိုအိမ်ကလေးကို ကျွန်ုပ်ကပင် ငှားရမ်းလိုက်၏။ အိမ်ကလေးပြီးသောအခါ ကျောင်းဆရာတော်ကို ပင့်၍ အိမ်တက်မင်္ဂလာဆွမ်းကျွေး၍ ကိုယ့်အိမ်ကိုယ့်ရာနှင့် ကျကျနန ရှိနေရပေတော့သည်။ တပည့်ကလေးတစ်ဦးကိုပင် မွေးနိုင်သေး၏။

ဤအိမ်ကလေး၌ နေရသည်မှာ အသန့်တို့နှင့် နီးစပ်လှသဖြင့် စိတ်ချမ်းသာမိ၏။ သို့ရာတွင် ဤအိမ်မြေရာကလေးမှာ ကျွန်ုပ်၏မိခင် ကံဆိုးစွာ အနိစ္စရောက်ရရှာသော မြေကွက်ကလေးဖြစ်သောကြောင့် အိမ်နောက်ဖေးဘက်သို့ ထွက်လိုက်ပါက ကျွန်ုပ်၏မိခင် ကြိုက်တတ်လှသော ခြံစည်းရိုးမှ ကြက်ဟင်းခါးသီးကလေးများ စိမ်းရာမှမှည့်ကာ ရွှေရောင်ဝါ၍ လာကြသည်ကိုမြင်ရလျှင် ကျွန်ုပ်မှာ တစ်ခါတစ်ခါ၌ ကံဆိုးမမိခင်ကြီးအတွက် မျက်ရည်များပင် လည်မိတတ်ပေသည်။ ထိုမျက်ရည်တို့သည်ပင်လျှင် ကျွန်ုပ်၏လက်စားချေလိုစိတ်ကို သန်သည်ထက်သန်အောင် သစ်ပင်ကို ရေလောင်း၍ပေးသည့်ပမာဖြစ်ရ၏။

"ကျွန်ုပ်၏ လက်စားချေလိုစိတ်မှာ ငါးနှစ်ကြာသော်လည်း ဆံခြည်တစ်ခြမ်းမျှမလျော့ခဲ့။ တွေးလေ ... နာလေ အမြစ်ပို၍ ခိုင်မာစွာ တွယ်လေဖြစ်၏။ လက်စားချေလိုစိတ်သည် လက်ဦးဒေါသထွက်စဉ်က သံရည်ပူပူနှင့်တူခဲ့၏။ သံရည်မှာ ပူနေစဉ်၌ လိုရာကိုပုံသွန်း၍ရသေး၏။ အေး၍ ခဲသွားသောအခါ၌ကား မည်သို့မျှ လွယ်လွယ်နှင့်ပြုပြင်ဖန်တီး၍ မရနိုင်တတ်ပေ . . ."

အိုးသစ်အိမ်သစ်အခြေအနေသစ် တည်ခါစဖြစ်သောကျွန်ုပ်မှာ အရာရာ၌ အသစ်တည်ထောင်ရသည်ချည်းသာဖြစ်သောကြောင့် မီးညှပ်မှ ခုတင်အထိ တစ်ခုပြီးတစ်ခု လို၍သာနေပေရာ ကျွန်ုပ်၏ ချစ်ညီမကလေးအသန့်မှာ မနေတတ်သူကလေးဖြစ်သည့်အလျောက် ကျွန်ုပ်၏အိမ်ထောင်တစ်ခုလုံးကိုပင် အချိန်အားလပ်တိုင်း ဝင်ရောက်ဦးစီးပေးကာ လိုသမျှကို အရေးကြီးလျှင် ကြီးသည့်အလျောက် တစ်ခါတစ်ရံတွင် သူကပင်စိုက်ထုတ်၍ ဝယ်ခြမ်းပေးတတ်သေး၏။ ကျွန်ုပ်မှာ ယာယီရာထူးမျှသာဖြစ်သေးသဖြင့် လခမှာ စာရေးသာသာမျှသာ ရှိသေး၏။ ထို့ကြောင့် အိမ်ထောင်မှုကိစ္စလိုသမျှကို အသန့်သာလျှင် လာဘ်မြင်မြင်နှင့် ဝင်ရောက်စီမံပေးခြင်းမရှိပါက သီးခြားဘဝ ကိုယ့်အိမ်နှင့်ကိုယ် နေခါစတွင် လွယ်လွယ်နှင့် အထာကျနိုင်မည်မဟုတ်ပေ။

ဤအချိန်တွင် အသန့်မှာ ၁၉ နှစ်ထဲသို့ပင် ဝင်စပြု၍နေပေပြီ။ ၁၉ နှစ်ဆိုသည်မှာ ကလေးအမူအရာ လုံးဝကင်းစင်လျက် ကြည်သာသော လပြည့်ဝန်းကဲ့သို့ ရွှန်းရွှန်းဝင့်ဝင့် တင့်မောချောမွေ့ ပြကတေ့ဖြင့် အပျိုစင်ဂုဏ်ရည် စုံညီပြည့်ကြွယ်သော အချိန်အရွယ်ဖြစ်ပေရာ ကျွန်ုပ်အဖို့တွင်ကား အားလပ်ချိန်ကလေးရတိုင်း အသန့်ပြုစုကူညီသည်ကို နှမရင်းချာကလေးတစ်ယောက် လာရောက်ပြုစုသည်ဟု ထင်မှတ်မိသည့်အထဲတွင် သူ၏အပြုအစု အထိန်းအသိမ်းကို တစ်သက်လုံးခံယူ၍ သွားရလျှင် ကောင်းပေလိမ့်မည်ဟု တစ်ခါတစ်ခါ၌ ကွက်တိကွက်ကျား တွေးမိများလျက်ရှိ၏။ သို့သော် သစ္စာတရားထားအပ်သော ကျေးဇူးရှင်၏သမီးဖြစ်သည်နှင့်အညီ ကျွန်ုပ်အဖို့တွင် အသန့်အပေါ်၌ မသန့်မရှင်းဖြစ်သည်ကိုပင် ယခင်ငါးနှစ်ကနည်းတူ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိ၏။

**ဆက်လက်ဖော်ပြပါမည်။**

## ရန်ကုန်မြို့၌ အကြိမ်(၂၀)မြောက် အိမ်ခြံမြေနှင့်ကားအရောင်းပြပွဲကျင်းပမည်

ရန်ကုန် မေ ၂၈

မြန်မာနိုင်ငံ၏ ထိပ်တန်းအိမ်ခြံမြေနှင့် မော်တော်ယာဉ်ကုမ္ပဏီကြီးများပူးပေါင်း၍ အကြိမ် (၂၀) မြောက် အိမ်ခြံမြေနှင့် ကားအရောင်းပြပွဲကို မေလ ၂၉ ရက်မှ ၃၁ ရက်အထိ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ Yangon Convention Centre – YCC ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် ပြည်တွင်းရှိ အဆင့်မြင့်ကွန်ဒိုများ၊ လုံးချင်းအိမ်ရာများနှင့် မော်တော်ယာဉ်မျိုးစုံကို လျှော့ဈေးများအပြင် ဘဏ်များနှင့်ချိတ်ဆက်ကာ နှစ်ရှည်အရစ်ကျစနစ်များဖြင့် ဝယ်ယူနိုင်မည့်အခွင့်အရေးများကို ထည့်သွင်းစီစဉ်ပေးထားကြောင်း သိရသည်။

ယင်းပြပွဲသည် ပြည်တွင်းအိမ်ခြံမြေကဏ္ဍနှင့် မော်တော်ယာဉ်ဈေးကွက်ကို တစ်နေရာတည်းတွင် စုံလင်စွာ လေ့လာဝယ်ယူနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ပြည်တွင်းထိပ်တန်းဆောက်လုပ်ရေးကုမ္ပဏီကြီးများဖြစ်ကြသည့် Shwe Taung Real Estate၊ IME Property နှင့် လောကသုခဥယျာဉ်ဖြူအိမ်ရာစီမံကိန်းတို့မှ အရည်အသွေးမြင့် လူနေကွန်ဒိုများ၊ စီးပွားရေးအဆောက်အအုံများနှင့် မြေကွက်များကို ပြသရောင်းချမည်ဖြစ်သည်။

ကနဦးတွင် ၁၀ ရာခိုင်နှုန်းအထိ လျှော့ချပေးမည်ဖြစ်ပြီး ၂၄ လအတိုးမဲ့ အရစ်ကျစနစ်များနှင့် ပြည်တွင်းပုဂ္ဂလိကဘဏ်များနှင့် ချိတ်ဆက်၍ ၁၅ နှစ်အထိ ရေရှည်အရစ်ကျစနစ်များဖြင့် အလွယ်တကူဝယ်ယူနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

**ချောရတီ**

## နတ်မောက်မြို့နယ်၌ ကျေးရွာသုံးစိုက်ခင်းများကို စုပေါင်းစိုက်ပျိုး



နတ်မောက် မေ ၂၈

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာသုံးစိုက်ခင်းများကို ဒေသခံပြည်သူများနှင့် စုပေါင်းစိုက်ပျိုးခြင်းကို မေလ ၂၇ ရက်က ရေယိုကျေးရွာရှိ ဧက ၅၀ ကျေးရွာသုံးစိုက်ခင်း၌ ဆောင်ရွက်သည်။

ထိုသို့စိုက်ပျိုးရာတွင် မြို့နယ်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ယူကလစ်၊ မဲဇလီ၊ ဘောစကိုင်း၊ မြန်မာကုက္ကိုနှင့်တမာပင်များကို စုပေါင်းစိုက်ပျိုးခြင်းဖြစ်သည်။

နတ်မောက်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း စိမ်းလန်းစိုပြည်သာယာလှပစေရန်၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန်၊ ကျေးလက်နေပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်းများ ဖြည့်ဆည်းပေးရန်၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်၊ ရာသီဥတုမျှတကောင်းမွန်လာခြင်းဖြင့် စိုက်ပျိုးရေးကိုအထောက်အကူဖြစ်စေရန် နှစ်စဉ်သစ်တောစိုက်ခင်းများ ထူထောင်လျက်ရှိကြောင်း သိရသည်။

**လှဝင်း (ပြန်/ဆက်)**

# ကုလသမဂ္ဂအဖွဲ့အစည်းများ၏အကြီးအမှူးဖြစ်သူ Ms. Gwyn Lewis ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၂၈

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ အကြီးအမှူးဖြစ်သူ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Ms. Gwyn Lewis အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိပြီး ထိုနှစ်အတွင်း ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ပါကြောင်း၊ မြန်မာ့နိုင်ငံရေးသမိုင်းသည် ၇၈ နှစ်ခန့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို ခံစားခဲ့ရသည့်နိုင်ငံတစ်ခုဖြစ်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမဲမသမာမှုကိစ္စကို အကြောင်းပြုပြီး မကျေလည်မှုများဖြစ်ခဲ့ကြ၍ ပြည်တွင်းဆူပူမှုများဖြစ်ခဲ့ပြီး ရပ်ရွာအေးချမ်းရေး... ရှင်လူ ပြည်သူအများအပြား၏ အသက်အိုးအိမ်များပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ ထို့ပြင် လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်းတွင်လည်း မိုခါမုန်တိုင်း၊ ရာဂီမုန်တိုင်းနှင့် မန္တလေးမြေငလျင်ကြီးကဲ့သို့သော သဘာဝဘေးအန္တရာယ်များလည်း ပြင်းထန်စွာခံစားခဲ့ရကြောင်း၊ ထိုသို့ ခက်ခဲသောကာလအတွင်းတွင် ၂၀၂၅ ခုနှစ်၌ ရွေးကောက်ပွဲများကို အပိုင်း(၃)ပိုင်းဖြင့် အောင်မြင်စွာကျင်းပပေးနိုင်ခဲ့ကြောင်း။

အဆိုပါရွေးကောက်ပွဲမှ ပြည်သူလူထုရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီး (၃) ရပ်ကို တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့လွှတ်တော်သည် ဥပဒေပြုရေးကို အဓိကလုပ်ဆောင်ရကြောင်း၊ အစိုးရအနေဖြင့် ရက် ၁၀၀ စီမံကိန်းချမှတ်ပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဥပဒေပြုရေးလုပ်ငန်း၏အဓိကတာဝန်သည် ဥပဒေအကာအကွယ်အောက်တွင် ပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်နိုင်ရေး၊ တည်ဆဲဥပဒေများကို ခေတ်စနစ်နှင့်လျော်ညီအောင် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် အသစ်ပြန်လည်ပြဋ္ဌာန်းခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဥပဒေမူကြမ်းရေးဆွဲထားပြီးဖြစ်၍ လာမည့်လွှတ်တော်အစည်းအဝေးများတွင် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဥပဒေမူကြမ်းအား ဥပဒေအဖြစ်ပြဋ္ဌာန်းနိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လွှတ်တော်သည် အစိုးရနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ပြည်သူများ၏ လိုအပ်ချက်များကို ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူကိုကိုယ်စားပြု၍ ပြည်သူတို့၏ အခက်အခဲ၊ ပြည်သူတို့၏ဆန္ဒများကို လွှတ်တော်မှတစ်ဆင့် အစိုးရထံပေးပို့ရပြီး အစိုးရနှင့်ပြည်သူကြား ပေါင်းကူးဆောင်ရွက်ပေးရကြောင်း၊ အဆွေတော်အနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များတွင် မိမိတို့နှင့်ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း ပြောကြားသည်။

ထို့နောက် ယာယီညှိနှိုင်းရေးမှူးက ယာယီနေရပ်စွန့်ခွာ ရွှေ့ပြောင်းရသူများကို လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ ဘေးကင်းလုံခြုံစွာဖြင့် အဟန့်အတားမရှိ ပေးဝေနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်ပျက်စီးသွားသည့် မြို့ရွာများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မူးယစ်ဆေးဝါးများ တားဆီးနှိမ်နင်းရေး၊ ဘိန်းအစားထိုးသီးနှံအဖြစ် ကော်ဖီစိုက်ပျိုးပေးနိုင်ရေးနှင့် ဈေးကွက်များရှာဖွေပေးခြင်းဖြင့် ဒေသအတွင်းရှိပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါးများတားဆီးနှိမ်နင်းရေးကို ထိထိရောက်ရောက်ဆောင်ရွက်နေသည်ကို အပြည်ပြည်ဆိုင်ရာက အသိအမှတ်ပြုကြောင်း၊ မိမိအနေဖြင့် မြန်မာနိုင်ငံနှင့် ဆက်ဆံရေးတိုးမြှင့်စေရေး အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ယာယီနေရပ်စွန့်ခွာရွှေ့ပြောင်းရသူများကို မိမိဒေသပြန်လည်နေထိုင်နိုင်ရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများတွင်လည်း ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၏လိုအပ်ချက်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ



# ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ လက်ခံတွေ့ဆုံ


နေပြည်တော် မေ ၂၈

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် မစ္စတာကလျာဏ ဝိဖတ်သိဖွန် ပရတ်ထေ့ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်ရေး၊ အာဆီယံအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေး၊ နယ်စပ်တစ်လျှောက် တရားမဝင်ကုန်သွယ်မှုနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ H.E. Mr. Alexander EGOROV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၂၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ H.E. Mr. Alexander EGOROV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရုံးအမှတ် (၂၆) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်မြန်မာ–ဘယ်လာရုစ် နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ်လုပ်ငန်းနှင့် ချေးငွေဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဘယ်လာရုစ်နိုင်ငံ Belinvetbank မှ ကိုယ်စားလှယ်နှင့် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများက ဘဏ်လုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ (Banking Arrangements) ကို လက်မှတ်များ ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# ထားဝယ်ခရိုင်အတွင်း ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးဧက တစ်သိန်းကျော်စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိ

ထားဝယ် မေ ၂၈

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှကြီးမှုး၍ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ခရိုင်အတွင်း မိုးစပါးဧက တစ်သိန်းကျော်စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း ထားဝယ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။


ထားဝယ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်း ဒေသဝမ်းစာဖူလုံရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာစေရေးနှင့် တောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် တောင်သူများလိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး စပါးစိုက်ပျိုးထုတ်လုပ်မှုများကို စနစ်တကျစီမံဆောင်ရွက်လျက်ရှိသည်။

"ထားဝယ်ခရိုင်အတွင်း ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးစပါး ၁၀၀၆၁၈ ဧက စိုက်ပျိုးဖို့ လျာထားဆောင်ရွက်နေပါတယ်။ ဒီနှစ် ထားဝယ်ခရိုင်အတွင်း မိုးစပါးစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းစပါးမျိုးတွေ၊ အရည်အသွေးကောင်းစပါးမျိုးတွေအပြင် ရေမြေဒေသနဲ့ကိုက်ညီတဲ့ ဒေသစပါးမျိုးတွေကိုလည်း စိုက်ပျိုးပါမယ်" ဟု ၎င်းကပြောသည်။

ထားဝယ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မိုးစပါးလျာထားဧကပြည့်မီစေရန်နှင့် စပါးအထွက်နှုန်းကောင်းမွန်စေရန် တောင်သူများကို ရေမြေဒေသနှင့်ကိုက်ညီသော စပါးမျိုးကောင်းမျိုးသန့်များ၊ သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာနှင့် မျိုးစေ့ချကိရိယာများ ပံ့ပိုးကူညီပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် စိုက်နည်းစနစ်မှန်ကန်စေရန် နည်းပညာပေးသင်တန်းများနှင့် ကွင်းသရုပ်ပြပွဲများပြုလုပ်ကာ တောင်သူများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် သွင်းအားစုများကိုလည်း ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**




# ရွှေကျင်မြို့နယ်၌ အခွန်ပညာပေးဆွေးနွေးပွဲကျင်းပ



ရွှေကျင် မေ ၂၈

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ရွှေကျင်မြို့နယ် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့မှ အခွန်ပညာပေးဆွေးနွေးပွဲကို မေလ ၂၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ရွှေကျင်မြို့နယ် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးဖေယျာဟိန်းနှင့် ရွှေကျင်မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တိုးတို့က အခွန်ထမ်းပြည်သူများအနေဖြင့် တာဝန်သိ လိုလားစွာ အခွန်ပေးဆောင်စေရန်နှင့် အခွန်ထမ်းမဖြစ်သေးသူများ အခွန်ထမ်းဖြစ်လာရန် လိုအပ်ကြောင်း၊ စားသောက်ဆိုင်၊ ဟိုတယ်၊ တည်းခိုရိပ်သာနှင့်ရွှေဆိုင်များမှ ပြေစာများ ထုတ်ပေးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းပြောကြားသည်။

ထို့နောက် ရွှေကျင်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန ဦးစီးမှူး ဦးစောကျော်သူဟန်က ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများနှင့် အခွန်အကြောင်းအရာသိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ ရွှေကျင်မြို့နယ် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တိုး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

# ပြင်ဦးလွင်မြို့နယ်၌ ယခုနှစ်မိုးရာသီတွင် အထူးစိမ်းလန်းစိုပြည်ရေး စိုက်ခင်းဧက ၂၀၀၀ ခန့် တည်ထောင်စိုက်ပျိုးမည်

ပြင်ဦးလွင် မေ ၂၈

မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှကြီးမှုး၍ ပြင်ဦးလွင်မြို့နယ်၌ ယခုနှစ်မိုးရာသီတွင် အထူးစိမ်းလန်းစိုပြည်ရေး စိုက်ခင်းဧက၂၀၀၀ ခန့် တည်ထောင်စိုက်ပျိုးမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးသစ်တောဦးစီးဌာနမှ သိရသည်။

ပြင်ဦးလွင်မြို့၏တောင်ပေါ်ဒေသဂေဟစနစ် တည်ငြိမ်ကောင်းမွန်စေရေးနှင့် ရေမြေ ရာသီဥတုမျှတကောင်းမွန်စေရေးတို့အတွက် အထူးစိမ်းလန်းစိုပြည်ရေး စိုက်ခင်းများကို ပြင်ဦးလွင်မြို့၏ တောင်ဘက်၊ မြောက်ဘက်နှင့် အရှေ့ဘက်တို့၌ စိုက်ပျိုးမည်ဖြစ်သည်။

အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်းရှိတခြားခရိုင်များနှင့် မြို့နယ်များ၌ အထူးစိမ်းလန်းစိုပြည်ရေး စိုက်ခင်းများ စိုက်ပျိုးခြင်းအပြင် ပြည်ထောင်စုလမ်းမကြီး၊ ခရိုင်ချင်းဆက်လမ်းများနှင့် ကျေးရွာချင်းဆက်လမ်းများ၏ လမ်းဘေး ဝဲယာများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် အခြေခံပညာကျောင်းများရှိ မြေလွတ်နေရာများ၌လည်း စိမ်းလန်းစိုပြည်ရေး စိုက်ပျိုးခြင်းလုပ်ငန်းများကို သစ်တောဦးစီးဌာနနှင့် ဆက်စပ်ဌာနများ ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

ထိုသို့စိုက်ပျိုးနိုင်ရန် လက်ရှိတွင် မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနအနေဖြင့် ကျွန်း၊ ပျဉ်းကတိုး၊ ရင်းမား၊ ကုက္ကို၊ ချယ်ရီ၊ တမာနှင့် မဟော်ဂနီအပါအဝင် သစ်မျိုး ၄၃ မျိုးကို စုစုပေါင်းပျိုးပင် ၁၀ သိန်းကျော်ပျိုးထောင်ထားပြီး ယခုနှစ်မိုးရာသီတွင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများထံ အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

# ကွန်ဟိန်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေး

ကွန်ဟိန်း မေ ၂၈

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဟိုကျယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းကို မေလ ၂၇ ရက်က ဆောင်ရွက်သည်။



ရှေးဦးစွာ ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဟိန်းက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ဟိုကျယ်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၄၈၇ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး၏ ကွင်းဆင်းကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဟိုကျယ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးအတွက် ငွေကျပ် ၃၂၂ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူခုနစ်ဦးအတွက် ငွေကျပ် ၁၆၅ သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၄ ဦးအတွက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ်၄၈၇ သိန်းကို အသင်းသား၊ အသင်းသူများ လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးကြောင်း သိရသည်။

**ချိုသန်းညွန့်(ကျေးလက်)**

# ၂၀၂၆ ခုနှစ်၊ ဇွန်လ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် ဇွန်လ ၁ ရက်နေ့မှ ၅ ရက်နေ့အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း (၂) ကြိမ်ဖြစ်ပေါ်နိုင်ပြီး (၁) ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအတင့်အသင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၂ ရက်မှ ၂၈ ရက်ခန့်၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၆ ရက်မှ ၂၁ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၁၀ ရက်မှ ၁၅ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

၂၀၂၆ ခုနှစ်၊ ဇွန်လအတွင်း ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ၁၂ ပေမှ ၁၅ ပေခန့်၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၇ ပေမှ ၁၁ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၁၀ ပေမှ ၁၅ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၇ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ၂ ပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၆ ပေမှ ၈ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၃ ပေခွဲမှ ၅ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၃ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၄ ပေမှ ၇ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၇ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၅ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် ၇ ပေမှ ၈ ပေခန့်၊ ပုသိမ်မြို့တွင် ၃ ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၄ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၆ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

(မိုး/ဇလ)



## ကျန်းမာရေးအဆင့်မြှင့်ကျောင်း ပြည်နယ်အဆင့် ဆရာဖြစ်သင်တန်းဖွင့်လှစ်

လားရှိုး မေ ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျောင်းကျန်းမာရေးဌာနခွဲနှင့် ပြည်နယ်ပညာရေးမှူးရုံး(ရုံးခွဲ) (ရှမ်းမြောက်)တို့ ပူးပေါင်း၍ ကျန်းမာရေးအဆင့်မြှင့်ကျောင်း ပြည်နယ်အဆင့် ဆရာဖြစ်သင်တန်းဖွင့်ပွဲအခမ်းအနားကို မေလ ၂၇ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်) ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက အမှာစကားပြောကြားရာတွင် ကျန်းမာရေးအဆင့်အတန်းမြင့်မားပြီး ဗလငါးတန်နှင့် ပြည့်ဝသော ကျောင်းသားလူငယ်များ ဖြစ်ထွန်းလာစေရေး၊ ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး အသိပညာဗဟုသုတများ ပြည်သူလူထုအတွင်း တိုးပွားလာစေရေး၊ ကျန်းမာရေးနှင့်ညီညွတ်သည့် အလေ့အကျင့်ကောင်းများရရှိကျင့်သုံးစေရေး၊ သန့်ရှင်းသော ကျောင်းပတ်ဝန်းကျင်ဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သင်ယူမှုစွမ်းရည်မြင့်မားလာစေရေးရည်ရွယ်၍ သင်တန်းဖွင့်လှစ်သင်ကြားခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လားရှိုးမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းမှ သင်တန်းသူလေးများက "ထာဝရသစ္စာ" သီချင်းဖြင့် ကပြဖျော်ဖြေပြီး ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာထွန်းညွန့်ဦးက သင်တန်းသူများအား ပံ့ပိုးငွေများပေးအပ်သည်။

အဆိုပါ ပြည်နယ်အဆင့် ဆရာဖြစ်သင်တန်းကို မေလ ၂၇ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်ပြီး သင်တန်းတွင် သက်ဆိုင်ရာပညာရေးနှင့် ကျန်းမာရေးဌာနများမှ ကျောင်းကျန်းမာရေးတာဝန်ခံ စုစုပေါင်း ၆၂ ဦးဖြင့် ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းစဉ်များကို ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း၊ ထို့ပြင် ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဆင့်ပွားသင်တန်းများကို ဇွန်လပထမပတ်တွင် ဆက်လက်ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

လူမော်(ပြန်/ဆက်)၊(၄၀၄)

## မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး အသိပညာပေး

ညောင်ဦး မေ ၂၈

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာနသည် နိုင်ငံတော်အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်ဖြင့် ဌာနဆိုင်ရာရုံးများ မီးဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မေလ ၂၈ ရက် နံနက်ပိုင်းတွင် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာရုံးများသို့ သွားရောက်ပြီး မီးဘေးလုံခြုံရေးဆိုင်ရာကွင်းဆင်းစစ်ဆေးအသိပညာပေးခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။



ထိုသို့ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးကျော်မင်းသူနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အခွန်ဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများသို့သွားရောက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံကာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အသိပညာပေး ဆွေးနွေးဟောပြောပြီး ရုံးအဆောက်အအုံများနှင့် ရုံးဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာများတွင် မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားရှိသော မီးသတ်ဆေးဘူးများ ကြံ့ခိုင်ကောင်းမွန်မှု ရှိ/မရှိ၊ အရေးပေါ် မီးငြှိမ်းသတ်ရေးအတွက် ရေသိုလှောင်ထားမှုများနှင့် လျှပ်စစ်မီးသွယ်တန်းသုံးစွဲမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာရုံးများအလိုက် ဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြုံတွေ့လာပါက စနစ်တကျ မီးငြှိမ်းသတ်နိုင်ရန် မီးငြှိမ်းသတ်ပစ္စည်းများအသုံးပြု၍ မီးငြှိမ်းသတ်ခြင်း၊ ရေစိုဝတ်ဖြင့် မီးငြှိမ်းသတ်ခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြှိမ်းသတ်နည်းစနစ်များကို အသိပညာပေးရှင်းလင်းပြောကြားပြီး မီးဘေးအန္တရာယ်နှင့် အခြားသောသဘာဝဘေးအန္တရာယ် များကြုံတွေ့လာပါက အရေးပေါ် သတင်းပေးပို့ အကူအညီရယူနိုင်ရန် နည်းစနစ်များကို အသိပညာပေးကြောင်း သိရသည်။ ရဲဝင်းနိုင်(ညောင်ဦး)

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေ လွှဲပြောင်းပေးအပ်

ကံမ မေ ၂၈

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို မေလ ၂၈ ရက် နံနက်ပိုင်းတွင် အဆိုပါဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ရဲမှူး ခင်ဝင်းဇော်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက ရက် ၁၀၀ စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေလွှဲပြောင်းပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ကျေးရွာမှပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ရဲမှူး ခင်ဝင်းဇော်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်မည့် ဇီးတောကျေးရွာမှ ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်းအား လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

နေဘ်လူး

# သတိပြုသင့်သော သွေးတိုးရောဂါ၏အစောပိုင်းသတိပေးလက္ခဏာများ

ဒေါက်တာသိဂီကျော်

ကမ္ဘာတစ်ဝန်း၌ သွေးတိုးရောဂါ၏ ဝန်ထုပ်ဝန်ပိုးသည်လွန်ခဲ့သော ဆယ်စုနှစ်နှစ်ခုအတွင်းမြင့်တက်လာခဲ့ပြီး အထူးသဖြင့် ဝင်ငွေနည်းနှင့် ဝင်ငွေအလယ်အလတ်နိုင်ငံများ၌ ဖြစ်ပွားမှုနှုန်းတိုးလာခဲ့သည်။ ၂၀၂၄ ခုနှစ်အထိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ဆက်စပ်သော ကျန်းမာရေးစစ်တမ်းများ အရ ၂၀၂၅ ခုနှစ်နှောင်းပိုင်းတွင် အသက် ၃၀ မှ ၇၉ နှစ်ကြား လူဦးရေ ၁ ဒသမ ၄ ဘီလီယံခန့်သည် သွေးတိုးရောဂါခံစားနေရသည်။ ထိန်းချုပ်မှုမရှိပါက ၂၀၃၀ ပြည့်နှစ်တွင် လူဦးရေ၏ ၁ ဒသမ ၅ ဘီလီယံကျော်သည် သွေးတိုးရောဂါခံစားရမည်ဖြစ်ပြီး နိုင်ငံပေါင်း ၉၉ နိုင်ငံ၌ ထိန်းချုပ်မှုနှုန်းမှာ ၂၀ ရာခိုင်နှုန်းအောက်၌သာ ရှိနေမည်ဟု ကျွမ်းကျင်သူများက သတိပေးထားသည်။

ကမ္ဘာတစ်ဝန်းရှိ သွေးတိုးရောဂါရှိသူ ငါးဦးလျှင် တစ်ဦးထက်နည်းသောသူများသည်သာ သွေးတိုးရောဂါအခြေအနေကို လုံလောက်စွာ ထိန်းချုပ်နိုင်ကြသည်။ သွေးတိုးရောဂါရှိသော လူငယ်အရေအတွက်သည် လွန်ခဲ့သောဆယ်စုနှစ်နှစ်ခုအတွင်း နှစ်ဆနီးပါးမြင့်တက်လာခဲ့ပြီး အဝလွန်ခြင်းနှင့်တီဗွီကြည့်ခြင်း၊ ဖန်သားပြင်အသုံးပြုခြင်းကဲ့သို့ အထိုင်များသော လူနေမှုပုံစံအလေ့အထများကြောင့် ဖြစ်သည်။ အဝလွန်ခြင်းသည် ကလေးများအတွက် အပြင်းထန်ဆုံးအန္တရာယ်ရှိသော အချက်ဖြစ်ပြီး အဝလွန်သော လူငယ် ၁၉ ရာခိုင်နှုန်းနီးပါးသည် သွေးတိုးရောဂါကို ခံစားနေရသည်။ သွေးတိုးရောဂါသည် လေဖြတ်ခြင်း၊ နှလုံးဖောက်ပြန်ခြင်းနှင့် သွေးကြောရောဂါများ၏အဓိကအကြောင်းရင်းအဖြစ်ဆက်လက်တည်ရှိနေပြီး လွန်ခဲ့သော ဆယ်စုနှစ်နှစ်ခုအတွင်း ကမ္ဘာလုံးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးနှစ်ဆနီးပါးမြင့်တက်လာခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဆိုအရ သွေးတိုးရောဂါနှင့်ပတ်သက်သော အသိပညာများတိုးတက်လာခြင်းသည် သက်ရောက်မှုရှိသူများ၏ထက်ဝက်ခန့်တွင် သွေးတိုးရောဂါကို ထိန်းချုပ်နိုင်ပြီး ၂၀၅၀ ပြည့်နှစ်တွင် သေဆုံးမှုနှုန်း ၇၆ သန်းကိုကာကွယ်နိုင်ကြောင်း ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် မူလသွေးတိုးရောဂါစောင့်ရှောက်မှုအစီအမံများကို အားကောင်းစေခြင်း၊ ဆားစားသုံးမှုကိုလျှော့ချခြင်းနှင့် ပုံမှန်ကျန်းမာရေးဝန်ဆောင်မှုများတွင် သွေးတိုးရောဂါစစ်ဆေးခြင်းကို ပေါင်းစပ်ခြင်းသည် သွေးတိုးရောဂါကာကွယ်ရန်နှင့် ပြန်လည်ကောင်းမွန်လာစေရန် အရေးကြီးကြောင်း အလေးပေးပြောကြားခဲ့သည်။

သွေးတိုးရောဂါဟု လူသိများသော သွေးပေါင်ချိန်မြင့်မားခြင်းသည် သိသာထင်ရှားသောလက္ခဏာများ သို့မဟုတ် ရောဂါလက္ခဏာများမရှိဘဲ နှစ်ပေါင်းများစွာကြာအောင် ဖြစ်ပွားတတ်သည့် တိတ်တဆိတ်အခြေအနေတစ်ခုဖြစ်သည်။ သွေးတိုးရောဂါရှိသော လူသန်းပေါင်းများစွာသည် ပြင်းထန်သောကျန်းမာရေးအခြေအနေရှိသော်လည်း လုံးဝမသိရှိကြဘဲ သွေးတိုးရောဂါရှိသူ လူကြီး ၄၂ ရာခိုင်နှုန်းခန့်သာ သွေးတိုးရောဂါရှိမှန်းသိရှိသည်ကို တွေ့ရှိရသည်။ လူအများစုက ၎င်းတို့တွင် သွေးတိုးရောဂါရှိပါက ထိုအခြေအနေကြောင့် နေမကောင်းဖြစ်လိမ့်မည်ဟု ထင်မြင်ကြသော်လည်း ပထမဆုံးသတိပေးလက္ခဏာများသည် အလွန်သိမ်မွေ့သောကြောင့် သတိမပြုမိဘဲရှိနေတတ်သည်။ လူတစ်ဦးချင်းစီသည် မိမိတွင်ဖြစ်ပေါ်သော သိမ်မွေ့သောလက္ခဏာများ နေ့စဉ် အသေးအဖွဲပြောင်းလဲမှုများကို အာရုံစိုက်ခြင်းဖြင့် ပိုမိုပြင်းထန်သော ပြဿနာများမပေါ်ပေါက်မီ သွေးတိုးရောဂါလက္ခဏာများကို ရှာဖွေတွေ့ရှိနိုင်ပေမည်။

### သွေးတိုးရောဂါ၏အစောပိုင်း သတိပေးလက္ခဏာများ

### ခေါင်းကိုက်ခြင်း

လူအများစုတွေ့ကြုံရသော အစောပိုင်းသတိပေးလက္ခဏာတစ်ခုမှာ နံနက်ပိုင်းတွင် ခေါင်းကိုက်ခြင်းဖြစ်သည်။ ရံဖန်ရံခါ ခေါင်းကိုက်ခြင်းသည် ပုံမှန်ဖြစ်နိုင်သော်လည်း ခေါင်းနောက်တွင် ပြင်းထန်စွာ တဒုတ်ဒုတ်ခေါင်းကိုက်ခြင်း၊ ထပ်ခါတလဲလဲခေါင်းကိုက်ခြင်းနှင့် ခေါင်းကိုက်ခြင်းကြောင့်နိုးထလာပါက သွေးပေါင်ချိန်မြင့်တက်လာခြင်းဖြစ်နိုင်သည်။ အများအားဖြင့် ခေါင်းကိုက်ခြင်းသည် တစ်နေ့တာကုန်လွန်လာသည်နှင့်အမျှ သက်သာလာတတ်သောကြောင့် နေ့စဉ်ဘဝ၏ဖိစီးမှုများ သို့မဟုတ် အိပ်ရေးမဝခြင်းကြောင့်ဟု ယူဆရန်လွယ်ကူသဖြင့် သတိထားပြီး သွေးပေါင်ချိန်တိုင်းတာရန်လိုအပ်ပါသည်။

### ပုံမှန်မဟုတ်သောမောပန်းနွမ်းနယ်မှု

အိမ်တွင်ဖြစ်ပွားနိုင်သည့် နောက်ထပ်လက္ခဏာတစ်ခုမှာ ပုံမှန်ထက်ပို၍မောပန်းနွမ်းနယ်ခြင်းဖြစ်သည်။ သွေးပေါင်ချိန်မြင့်မားခြင်းသည် နှလုံးအားခန္ဓာကိုယ်မှတစ်ဆင့် သွေးများကိုတွန်းပို့ရန် ပိုမိုအလုပ်လုပ်စေသောကြောင့် သွေးတိုးရောဂါရှိသူများသည် အချိန်တိုင်းမောပန်းနွမ်းနယ်မှုကိုခံစားရလေ့ရှိသည်။ သာမန်လုပ်ဆောင်မှုများကိုလုပ်ဆောင်ရန် ခက်ခဲလာခြင်း သို့မဟုတ် ရုတ်တရက် မောပန်းနွမ်းနယ်လာပါက သွေးပေါင်ချိန်ကို စစ်ဆေးရန်လိုအပ်ပါသည်။

> "လူအများစုသည် အိပ်စက်မှုပုံစံမမှန်ခြင်းကိုခံစားရကြောင်း မကြာခဏပြောတတ်ကြသည်။ ကောင်းမွန်စွာအိပ်မပျော်ခြင်း၊ ညဘက်တွင် မကြာခဏနိုးထခြင်းနှင့် ဟောက်ခြင်းသည် သွေးပေါင်ချိန်နှင့်ပတ်သက်၍ ပြဿနာတစ်ခုရှိနေနိုင်သောလက္ခဏာဖြစ်နိုင်သည်။ အိပ်ပျော်နေစဉ် အသက်ရှူရပ်ခြင်းကဲ့သို့သော အခြေအနေများသည် သွေးတိုးရောဂါနှင့် မကြာခဏဆက်စပ်နေပြီး အချိန်ကြာလာသည်နှင့်အမျှ အကျိုးသက်ရောက်မှုများကို ပိုမိုဆိုးရွားစေနိုင်သည်..."

### အသက်ရှူမဝခြင်း

နေ့စဉ် ပုံမှန်လုပ်ဆောင်မှုများအတွင်း အသက်ရှူမဝခြင်းသည် သွေးပေါင်ချိန်မြင့်မားခြင်း၏ ညွှန်ပြချက်တစ်ခုဖြစ်နိုင်သည်။ လှေကားတက်ခြင်း၊ အကွာအဝေးတိုများ လမ်းလျှောက်ခြင်း သို့မဟုတ် အိမ်မှုကိစ္စများလုပ်ခြင်းကဲ့သို့သော ပုံမှန်အလုပ်များကို လုပ်ဆောင်သည့်အခါ မကြာခဏအသက်ရှူမဝခြင်းကို ခံစားရပါက ခန္ဓာကိုယ်အတွင်း နှလုံးနှင့်သွေးကြောများကို ထိခိုက်စေသောအခက်အခဲတစ်ခု ရှိနေကြောင်း ညွှန်ပြခြင်းဖြစ်နိုင်သည်။

### နှာခေါင်းသွေးယိုခြင်း

လူအများစုသည် ထင်ရှားသော အကြောင်းရင်းမရှိဘဲ နှာခေါင်းသွေးယိုခြင်းကို မကြာခဏခံစားရနိုင်သည်။ လူတချို့တွင်ခြောက်သွေ့သောလေ သို့မဟုတ် ခာတ်မတည့်မှုများကြောင့် ဖြစ်နိုင်သော်လည်း မကြာခဏခံစားရပါက အထူးသဖြင့် သွေးတိုးရောဂါ၏ တခြားသတိပေးလက္ခဏာများနှင့်အတူဖြစ်ပွားပါက လျစ်လျူရှုမထားသင့်ပါ။

### အမြင်အာရုံဝေဝါးခြင်း

အမြင်အာရုံဝေဝါးခြင်းနှင့် ခေါင်းကိုက်ခြင်းကဲ့သို့သောခံစားမှုများသည် အစောပိုင်းသတိပေးလက္ခဏာများ ဖြစ်နိုင်သည်။ သွေးပေါင်ချိန်မြင့်မားနေချိန်တွင် မျက်လုံးများရှိ သွေးကြောများထိခိုက်ပြီး အမြင်အာရုံချို့ယွင်းမှုများဖြစ်ပေါ်လာနိုင်သည် သို့မဟုတ် အာရုံစူးစိုက်ရန်ခက်ခဲစေသည် သို့မဟုတ် မျက်လုံးများတစ်ဝိုက်တွင် ဖိအားဖြစ်စေနိုင်သည်။

### အိပ်မပျော်ခြင်း

လူအများစုသည် အိပ်စက်မှုပုံစံမမှန်ခြင်းကိုခံစားရကြောင်း မကြာခဏပြောတတ်ကြသည်။ ကောင်းမွန်စွာအိပ်မပျော်ခြင်း၊ ညဘက်တွင် မကြာခဏနိုးထခြင်းနှင့် ဟောက်ခြင်းသည် သွေးပေါင်ချိန်နှင့် ပတ်သက်၍ ပြဿနာတစ်ခုရှိနေနိုင်သော လက္ခဏာဖြစ်နိုင်သည်။ အိပ်ပျော်နေစဉ် အသက်ရှူရပ်ခြင်းကဲ့သို့သော အခြေအနေများသည် သွေးတိုးရောဂါနှင့် မကြာခဏ ဆက်စပ်နေပြီး အချိန်ကြာလာသည်နှင့် အမျှ အကျိုးသက်ရောက်မှုများကို ပိုမို ဆိုးရွားစေနိုင်သည်။

### ရင်ဘတ်အောင့်ခြင်း

ရင်ဘတ်အောင့်ခြင်း သို့မဟုတ် ရင်ဘတ်တင်းကျပ်ခြင်း တစ်စုံတစ်ရာခံစားရခြင်းသည် အစောပိုင်းသတိပေးလက္ခဏာတစ်ရပ်ဖြစ်နိုင်သည်။ အဆိုပါခံစားချက်များသည် အမြဲတမ်းပြင်းထန်မည်မဟုတ်သော်လည်း ရင်ဘတ်နာကျင်မှုအကြိမ်များစွာ ဖြစ်ပွားပါက အလေးအနက်ထားပြီး ဆရာဝန်နှင့်ပြသင့်သည်။

### စိတ်ဖိစီးမှုပြဿနာများ

နာတာရှည်စိတ်ဖိစီးမှုနှင့် ဒေါသသည် သွေးတိုးရောဂါနှင့် နောက်ဆက်တွဲပြဿနာများကို ဖြစ်ပေါ်စေနိုင်သည်။ စိတ်ခံစားမှုအရ၊ ခန္ဓာကိုယ်ပေါ်တွင် ဖိစီးမှုကြောင့် ရုပ်ပိုင်းဆိုင်ရာပြောင်းလဲမှုများကို သတိမပြုမိခင် ခန္ဓာကိုယ်တွင် ပြောင်းလဲမှုများဖြစ်နိုင်သည်။

အထက်ဖော်ပြပါရောဂါလက္ခဏာများကိုအစောပိုင်းတွင်သိရှိပြီး အချိန်မီကုသခြင်းဖြင့် အဓိကနောက်ဆက်တွဲပြဿနာများဖြစ်သော နှလုံးရောဂါ၊လေဖြတ်ခြင်းနှင့် ကျောက်ကပ်ရောဂါများ မဖြစ်ပွားစေရန်ကာကွယ်ပေးနိုင်သည်။ သွေးတိုးရောဂါရှာဖွေရန်နည်းလမ်းတစ်ခုမှာ ယုံကြည်စိတ်ချရသော သွေးပေါင်ချိန်တိုင်းကိရိယာဖြင့် သွေးပေါင်ချိန်ကို အိမ်တွင်မှန်မှန်တိုင်းတာစစ်ဆေးခြင်းဖြစ်သည်။ သွေးတိုးရောဂါဖြစ်ပွားနေစဉ် အစောပိုင်းတွင် သွေးတိုးရောဂါရှိကြောင်း သိရှိခြင်းသည် ဆားစားသုံးမှုလျှော့ချခြင်း၊ ကိုယ်အလေးချိန်လျှော့ချခြင်း၊ မကြာခဏလေ့ကျင့်ခန်းလုပ်ခြင်း၊ စိတ်ဖိစီးမှုကိုစီမံခန့်ခွဲခြင်းနှင့် ပိုမိုကောင်းမွန်စွာအိပ်စက်ခြင်း စသည့် ဘဝနေထိုင်မှုပုံစံများကို ပြောင်းလဲရန် အခွင့်အရေးရရှိနိုင်သည်။ သွေးပေါင်ချိန်ကိုလျှော့ကျစေနိုင်သောဆေးဝါးများဖြင့် သွေးတိုးရောဂါကိုထိန်းချုပ်နိုင်သည်။

လူအများစုသည် သွေးတိုးရောဂါရှိမှန်း မသိရှိခြင်းကြောင့် နေ့စဉ်လုပ်ငန်းဆောင်တာများကို ပုံမှန်လုပ်ကိုင်စားသောက်နေကြသည်။ စိတ်ဖိစီးမှုများကို ကိုင်တွယ်ဖြေရှင်းနေကြသည်။ ၎င်းတို့၏နှလုံးသည် အလွန်အလုပ်လုပ်နေရပြီး သွေးကြောများပျက်စီးနေသည်ကို လုံးဝမသိရှိကြသောကြောင့် နောက်တစ်နေ့တွင် လေဖြတ်ခြင်း၊ နှလုံးဖောက်ပြန်ခြင်း စသည်ဖြင့် နောက်ဆက်တွဲပြဿနာတစ်စုံတစ်ခုဖြစ်ပျက်ပြီး နောက် ခက်ခဲသောနည်းလမ်းဖြင့် သွေးတိုးရောဂါကိုရှာဖွေတွေ့ရှိကြသည်။ သွေးတိုးရောဂါသည် နှလုံးသွေးကြောဆိုင်ရာရောဂါအတွက် အဓိကပြုပြင်နိုင်သည့် အန္တရာယ်ရှိသောအချက်ဖြစ်ပြီး ယခုအခါ ကမ္ဘာလုံးဆိုင်ရာ ရောဂါဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်လျက်ရှိသည်။

သို့ဖြစ်၍ ခန္ဓာကိုယ်တွင်ဖြစ်ပေါ်နေသော သွေးတိုးရောဂါ၏သိမ်မွေ့သော အစောပိုင်းလက္ခဏာများနှင့် နေ့စဉ်ပြောင်းလဲမှုများကို အာရုံစိုက်ခြင်းဖြင့် ရေရှည်ကျန်းမာရေးနှင့် သွေးတိုးရောဂါကိုကာကွယ်ကုသရန် လူအများစုအားသွေးတိုးရောဂါနှင့်ပတ်သက်သောအသိပညာများပေးရန် ရေးသားတင်ပြလိုက်ရပါသည်။

## ငွေဆောင်မြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအဘိတ်ဆေးခတ်ခြင်းဆောင်ရွက်



ငွေဆောင် မေ ၂၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်မြို့ အမှတ်(၁)ရပ်ကွက်အတွင်းရှိ နေအိမ်များ၌ မိုးရာသီတွင်ဖြစ်ပွားလေ့ရှိသော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများကို ငွေဆောင်မြို့အုပ်ချုပ်ရေးမှူးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲမှ တာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းအဖွဲ့သည် မေလ ၂၇ ရက်က ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပူးပေါင်းအဖွဲ့သည် အမှတ်(၁) ရပ်ကွက်အတွင်းရှိ နေအိမ်များ၊ လမ်းများအလိုက် ရေတွင်း၊ ရေကန်များနှင့် ရေကြည်ရေအိုင်များအတွင်း သွေးလွန်တုပ်ကွေးရောဂါပိုးသယ်ဆောင်သော ခြင်ကျားပိုးလောက်လန်းများပေါက်ပွားမှုမရှိစေရန် အဘိတ်ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို လက်တွေ့ပြသဆောင်ရွက်ကြသည်။

ထို့ပြင် ရပ်ကွက်နေပြည်သူများအနေဖြင့် မိမိတို့၏နေအိမ်ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်ရေး ခြင်ခိုအောင်းနိုင်သည့် ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းကြရန်နှင့် ကျန်းမာရေးသတိရှိကြရန် အသိပညာပေး နှိုးဆော်ခဲ့ကြောင်း သိရသည်။ **ချမ်းမြေ့**

# အစေ့ထုတ်ပြောင်းနှင့် ပဲစင်းငုံသီးညှပ်စိုက်ပျိုးခြင်းကွင်းသရုပ်ပြ



ကျွန်းလှ မေ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် အင်းကောင်းကျေးရွာရှိ တောင်သူဦးတိုက်အောင်၏ယာမြေ၌ အစေ့ထုတ်ပြောင်းနှင့် ပဲစင်းငုံသီးညှပ်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို မေလ ၂၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကန့်ဘလူခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ကျွန်းလှမြို့နယ် ဦးစီးမှူးနှင့် တာဝန်ရှိသူများက သီးညှပ်စိုက်ပျိုးရာတွင် စိုက်နည်းစနစ်မှန်ကန်ရေးလိုက်နာရမည့် အချက်များ၊ ဓာတ်မြေဩဇာလျှော့ချသုံးစွဲရေးနည်းလမ်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းမြင့်နိုင်နှင့် တာဝန်ရှိသူများက အစေ့ထုတ်ပြောင်းမျိုးစေ့နှင့် ပဲစင်းငုံမျိုးစေ့များပေးအပ်၍ လက်တွေ့စိုက်ပျိုးနေခြင်းကိုအားပေးကြည့်ရှုပြီး မြို့နယ်အတွင်း မိုးသီးနှံစိုက်ပျိုးမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုးမြေများတွင် တစ်သီးစားကိုသာ စိုက်ပျိုးခြင်းမကဘဲ သီးထပ်စိုက်ပျိုးနိုင်လေလေအကျိုးရှိလေလေ ဖြစ်သည့်အတွက် သီးထပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်းသိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပ

ဓနုဖြူ မေ ၂၈

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေလ ၂၈ ရက် နံနက်ပိုင်းတွင်ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံများ၊ ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် ပံ့ပိုးငွေများအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်၊ ခရိုင်ပညာရေးမှူးဆရာကြီး ဦးမြတ်မိုး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့်အဖွဲ့ဝင်များ၊




မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များက ကျောင်းသုံးဗလာစာအုပ်ဒါဇင်၃၃၀၀၀ နှင့်စာရေးကိရိယာများ၊ ပံ့ပိုးငွေများအား ပေးအပ်ကြသည်။ ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်၊ ခရိုင်ပညာရေးမှူး ဆရာကြီးဦးမြတ်မိုး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကျောင်းအပ်လက်ခံနေမှုများကိုကြည့်ရှုအားပေးပြီး လိုအပ်သည်များမှာကြားကြောင်းသိရသည်။ **အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

# ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးသင်တန်းဖွင့်လှစ်

ချမ်းအေးသာစံ မေ ၂၈

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက် ဆုတောင်းရမြတ်စွာဘုရား၌ မေလ ၂၈ ရက် နံနက်ပိုင်းတွင် ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး သင်တန်းဖွင့်လှစ်သည်။

ရှေးဦးစွာ ချမ်းအေးသာစံမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ချမ်းအေးသာစံ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ခေတ္တတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ဦးအောင်ဇော်မြင့်က ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းနှင့်ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားကာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ သင်တန်းနည်းပြလေးဦးက သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့သင်တန်းသား၊ သင်တန်းသူ ၇၀ ဦး တက်ရောက်ကြောင်း သိရသည်။

**ချမ်းမြေ့မောင်**

## ဂုဏ်ယူဝမ်းမြောက်ပါလေတော့

❖ အိမ်အပြန်တွင်၊ ဝေလွင်ရွှန်းလက်
သပြေခက်ဖြင့်၊ ကြိုလျက်ဝမ်းသာ
မိမာတာအား၊ မြင်ရှာသည့်ခိုက်
ရင်လှိုက် ကြည်သာ၊ ပြုံးမိကာဖြင့်
“ ကျန်းမာရဲ့လား၊ နေကောင်းလား ” ဟု
အားပါးတက်ကြွ၊ မေးရသည့်ခါ
“ နေကောင်းပါတယ်၊ သားလေးရယ် ” လို့
ပြုံးရယ် ရွှင်ပျ၊ အမေကဆို ငိုမလို။

❖ ခွဲရတာရှည်၊ နှစ်ထွေလီကို
တုံ့လှီ နွမ်းခိုက်၊ လုံ့လစိုက်၍
ရွတ်လိုက်ရတာ၊ မေတ္တာသုတ်မှ
ဓာရဏဆုံး၊ အားလုံးထွေထွေ
အမေ အာညောင်းခဲ့ပြီပေါ့။

❖ သွေးသားထဲ၌၊ နှစ်မြိုက်ချစ်ကြည်
မြန်ပြည်အတွက်၊ အသက်ခန္ဓာ
ပဓာနမထား၊ ဝမ်းပါးတွယ်ငြိ
တာဝန်သိစိတ်၊ ယူလိုစိတ်ကြောင့်
မမိုတ်မသုန်၊ အားမာန်ဟုန်ဖြင့်
ဂုဏ်ရောင်လင်းလက်၊ ထမ်းဆောင်ရွက်၍
ပြည့်တွက်ဝန်တာ၊ ကျေပွန်စွာ။
ရိပ်မွန်ဂေဟာ သားပြန်လာ။

❖ ပြည်သူချစ်သည့်၊ စစ်အမှုထမ်း
သားကြိုးပမ်း၍၊ နှစ်ထမ်းစေ့ကာ
သားပြန်လာမို့၊ တမ်းကာ စေ့ရေ
လွမ်းမနေဘဲ
အမေ ဂုဏ်ယူဝမ်းမြောက်ပါလေတော့။ ။

**အောင်မင်းကျော်(ပညာ)**

## MWD Variety Channel

၂၉-၅-၂၀၂၆(သောကြာနေ့)

၁။ ၁၀:၃၀ ကျန်းမာသောဘဝ
၂။ ၁၁:၃၅ လူငယ်ရှေ့ရေး အတွေးကမ္ဘာ
၃။ ၁၄:၄၀ သောတဆင်စရာ တေးမြန်မာ
၄။ ၁၇:၄၅ Countries of the World

# ပျဉ်းမနားမြို့နယ် စာရေးဆရာအသင်း အလုပ်အမှုဆောင်သစ် ရွေးချယ်

နေပြည်တော် မေ ၂၈

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် စာရေးဆရာအသင်းနှစ်ပတ်လည် မျက်နှာစုံညီအစည်းအဝေးနှင့် အလုပ်အမှုဆောင်သစ်ရွေးချယ်ပွဲကို မေလ၂၇ ရက်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ထိုက်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းလွင်က မြို့နယ်စာရေးဆရာအသင်းအလုပ်အမှုဆောင်သစ်ရွေးချယ်ရေးနှင့် ပတ်သက်၍ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာရေးဆရာအသင်းအလုပ်အမှုဆောင်ရွေးချယ်ရာ ပျဉ်းမနားမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌအဖြစ် ဦးထွန်းကျော်မင်း(ကိုကြီးကျော်)၊ အတွင်းရေးမှူးအဖြစ် ဦးမြင့်ဦး (ပန်ဏီ-ပျဉ်းမနား)၊ ဘဏ္ဍာရေးမှူးအဖြစ် ဦးထိန်လင်းဦး (လွမ်းသခ်)၊ အမှုဆောင်များအဖြစ် ဦးတင်မောင်စန်း(နန္ဒလင်းခိုင်)၊ ဦးညွှန့်အောင်(ညွှန့်အောင်)တို့ကို ရွေးချယ်တင်မြှောက်ခဲ့ပြီး ညီလာခံကိုယ်စားလှယ်အဖြစ် ဥက္ကဋ္ဌ ဦးထွန်းကျော်မင်း(ကိုကြီးကျော်)အား ရွေးချယ်ခဲ့ကြောင်းသိရသည်။

**ဦးကျော်(ပျဉ်းမနား)**

# ဝါးခယ်မမြို့နယ်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သည့် စပါးဧက ၁၂၉၀၀၀ ကျော် ရိတ်သိမ်းပြီးစီး

ဝါးခယ်မ မေ ၂၈

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါးဧက ၁၂၉၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီက ဝါးခယ်မမြို့နယ်၌ စပါးလျာထား ၁၂၉၂၀၇ ဧကအထိစိုက်ပျိုးနိုင်ပြီး အဆိုပါစိုက်ပျိုးသည့်စပါးများကို ယခုနှစ်ဖေဖော်ဝါရီလ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယခုအခါ စပါးစိုက်ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါရိတ်သိမ်းပြီးဖြစ်သည့် စပါးတစ်ဧကလျှင် ၁၀၄ ဒသမ ၆ဝ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်တစ်ခုလုံးအနေနဲ့ နွေသီးနှံစိုက်ပျိုးရာသီမှာ စပါးဧက ၁၂၉၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးပြီးတဲ့စပါးဧကအားလုံး ပြန်လည်ရိတ်သိမ်းပြီးပါပြီ။ ရိတ်သိမ်းခဲ့တဲ့စပါးတွေ တစ်ဧကချင်းအထွက်နှုန်းကောင်းသလို အရည်အသွေးလည်းကောင်းပါတယ်။ ဝါးခယ်မမြို့နယ် အပါအဝင် ခရိုင်အတွင်းက မြို့နယ်တွေမှာ နွေစပါးစိုက်ပျိုးဖို့ စပါးစတင်မစိုက်မီအချိန်ကတည်းက သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူနည်းပညာပေး လုပ်ငန်းတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ပြင် တောင်သူတွေစိုက်ပျိုးတဲ့ နွေစပါးတွေ အထွက်နှုန်းကောင်းမွန်ဖို့လိုအပ်တဲ့ ဓာတ်မြေဩဇာတွေကိုလည်း ပံ့ပိုးပေးထားပါတယ်။ ဓာတ်မြေဩဇာတွေကိုလည်း စိုက်ပျိုးရေးနည်းလမ်းတွေအတိုင်း အသုံးပြုနိုင်ဖို့ နည်းပညာပေး၊ အသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းလုပ်ဆောင်ပေးခဲ့ပါတယ်။ ဒါကြောင့်လည်း ရိတ်သိမ်းခဲ့တဲ့စပါးတွေ အထွက်နှုန်းနဲ့ အရည်အသွေးပြည့်မီတာပါ" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်ကပြောသည်။

ဝါးခယ်မမြို့နယ်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီက စပါးများကို လျာထားဧကပြည့်စိုက်ပျိုး ရိတ်သိမ်းနိုင်ရေး ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



သုတကျော်

# အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်

ရန်ကုန် မေ ၂၈

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် အခြေခံစက်ချုပ်သင်တန်းကို မေလ ၂၇ ရက်က ကျောက်တန်းမြို့နယ် စံချိန်မီရပ်ကွက်၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ ကျောက်တန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးကျော့ခိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သန်လျင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဒေါ်ဆွေဇင်အေးက သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများပေးအပ်သည်။

အခမ်းအနားသို့ ကျောက်တန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်နှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။



အဆိုပါသင်တန်းကို ဇူလိုင်လ ၁၇ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး သင်တန်းသူ ၁၅ ဦး တက်ရောက်ကြောင်း သိရ သည်။

သန့်ဇင်ထွန်း

# ညောင်ဦးမြို့နယ်စီမံကိန်းဦးစီးဌာနရုံး၌ မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးအသိပညာပေး

ညောင်ဦး မေ ၂၈

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်မီးသတ်ဦးစီးဌာနမှ ဌာနဆိုင်ရာရုံးများ မီးဘေးအန္တရာယ်ကင်းဝေးစေရန် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်အပိုင်းအခြားအလိုက် ဆောင်ရွက်လျက်ရှိရာ မေလ ၂၇ ရက်က မြို့နယ်စီမံကိန်း ဦးစီးဌာနရုံးသို့ သွားရောက်၍ မီးဘေးလုံခြုံရေးဆိုင်ရာ ကွင်းဆင်းစစ်ဆေးအသိပညာပေးခြင်းများ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းသူနှင့် တပ်ဖွဲ့ဝင်များက မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အသိပညာပေးဆွေးနွေးဟောပြောပြီး ရုံးအဆောက်အအုံများနှင့် ရုံးဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာများ၌ မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားရှိသော မီးသတ်ဆေးဘူးများ ကြံ့ခိုင်ကောင်းမွန်မှု ရှိ/မရှိ အရေးပေါ်မီးငြိမ်းသတ်ရေးအတွက် ရေပုံလောင်ထားမှုများနှင့် လျှပ်စစ်မီးသွယ်တန်းသုံးစွဲမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက မြို့နယ်စီမံကိန်းဦးစီးဌာနမှ ဝန်ထမ်းများအား မီးဘေးအန္တရာယ်တွေ့ကြုံလာပါက စနစ်တကျမီးငြိမ်းသတ်နိုင်ရန် မီးငြိမ်းသတ်ပစ္စည်းများအသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ ရေစိုဝတ်ဖြင့် မီးငြိမ်းသတ်ခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းများကို အသိပညာပေးရှင်းလင်းပြောကြားပြီး မီးဘေးအန္တရာယ်နှင့် တခြားသော သဘာဝဘေးအန္တရာယ်များ တွေ့ကြုံလာပါက အရေးပေါ်သတင်းပေးပို့အကူအညီရယူနိုင်ရန် 191 Report Application ထည့်သွင်းအသုံးပြုနည်းစနစ်များကို အသိပညာပေးကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ပုသိမ်ကြီး မေ ၂၈

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ လူမှုစာဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် တောတွင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို မေလ ၂၈ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုကိုနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များက တောတွင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များမှာကြားသည်။

အဆိုပါတောတွင်းကျေးရွာ၌ လမ်းအရှည်ပေ ၃၀၀ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို VDP ရန်ပုံငွေ ငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၅ ဒသမ ၃၆ သန်း စုစုပေါင်း ၂၀ ဒသမ ၃၆ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မေလ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အောင်ရဲကျော်

# ပခုက္ကူမြို့နယ်၌ ရက် ၁၀၀ စီမံချက်ဖြင့် မိုးရာသီ သီးနှံမျိုးစေ့များ ပံ့ပိုးပေးအပ်ပွဲကျင်းပ

ပခုက္ကူ မေ ၂၈

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ဖြင့် မိုးရာသီ သီးနှံမျိုးစေ့များ ပံ့ပိုးပေးအပ်ပွဲကို မေလ၂၇ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းလွင်က တောင်သူများ၏အဓိကသီးနှံများ စိုက်ပျိုးဧရိယာတိုးတက်စေရေး၊ အထွက်နှုန်းမြင့်မားရေးနှင့် အရည်အသွေးကောင်းမွန်စေရေးရည်ရွယ်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ဖြင့် မိုးရာသီ သီးနှံမျိုးစေ့များ ပံ့ပိုးပေးအပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးများက မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၁ အုပ်စု ကျေးရွာ ၁၃ ရွာမှ တောင်သူများအတွက် စပါးမျိုးစေ့ ၁၀၀တင်း၊ ချည်မျှင်ရှည်ဝါ (အက်စစ်ချွတ်) မျိုးစေ့ ၂၅၁ ကီလိုဂရမ်၊ ချည်မျှင်ရှည်ဝါ(အမွေးပါ)မျိုးစေ့ ပိဿာ ၂၄၄၀၊ ပဲတီစိမ်းမျိုးစေ့တစ်တင်း၊ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)မျိုးစေ့ ၁ ဒသမ ၅တင်း၊ နှမ်းမျိုးစေ့သုံးတင်း၊ မြေပဲမျိုးစေ့ ၃၆ တင်း၊ နေကြာမျိုးစေ့ နှစ်တင်း၊ ပဲစင်းငုံမျိုးစေ့ တစ်တင်းတို့ကို ပံ့ပိုးပေးအပ်ကြကြောင်း သိရသည်။

ဘာဓိသာ(ပခုက္ကူ)

# မြန်မာ-တရုတ် နှစ်နိုင်ငံအကြား မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ စီမံကိန်းများ(၂၀၂၆)အတွက် ရန်ပုံငွေလွှဲပြောင်းလက်ခံလွှာ လက်မှတ်ရေးထိုး

နေပြည်တော် မေ ၂၈

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်းများ (၂၀၂၆) အတွက် ရန်ပုံငွေလွှဲပြောင်းလက်ခံလွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ M-Gallery ဟိုတယ်၌ ကျင်းပသည်။




ရန်ပုံငွေလွှဲပြောင်းလက်ခံလွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၏ရှေ့မှောက်၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေစီမံကိန်းများသည် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် အရေးပါလှပြီး ဒေသတွင်းပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို သိသာထင်ရှားစွာ အထောက်အကူပြုလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၇ ခုနှစ်မှစတင်၍ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၄၆ သန်းကျော်ခန့် တန်ဖိုးရှိ စီမံကိန်း စုစုပေါင်း ၁၄၀ ကို ရရှိခဲ့ကြောင်း၊ ၂၀၂၆ ခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ စွမ်းအင်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှု၊ MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့်ယဉ်ကျေးမှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှုစသည့်နယ်ပယ်များကို အထောက်အကူပြုနိုင်မည့် စီမံကိန်းရှစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မဲခေါင်-လန်ချန်း ဒေသတွင်းငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးတိုးတက်မှုများကို မြှင့်တင်ရန်အတွက် တရုတ်နိုင်ငံနှင့်လည်းကောင်း၊ အခြားသော မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများနှင့်လည်းကောင်း နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ၏ကတိကဝတ်ကို ထပ်လောင်းအတည်ပြုပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားက အမှာစကားပြောကြားသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ၂၀၁၆ ခုနှစ်တွင် ဒေသတွင်းရေရှည်တည်တံ့ခိုင်မြဲပြီး အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရန်ရည်ရွယ်၍ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ် စသော အဖွဲ့ဝင်နိုင်ငံ ခြောက်နိုင်ငံဖြင့် ဖွဲ့စည်းခဲ့သည့် ဒေသခွဲ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ယန္တရားတစ်ရပ်ဖြစ်ကြောင်းသိရသည်။

မြဝတီ

# နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် မေ ၂၈

စစ်ကိုင်းတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

ပညာရဲရင့်
ပွဲလယ်တင့်
ပညာမြင့်မှ
လူမျိုးတင့်မည်။

# ဆီဆိုင်မြို့နယ်၌ အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ



ဆီဆိုင် မေ ၂၈

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ပံ့ပိုးကူညီမှု၊ ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်း၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် ဒေသခံပြည်သူများပူးပေါင်းဆောက်လုပ်သော ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကုန်းဆွတ်ကျေးရွာအုပ်စု ကုန်းသာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ ကျင်းပသည်။

ဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှသိန်းနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်အားဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လွယ်ပွတ်ကျေးရွာအုပ်စု ကောင်ဝါးတောင်ကျေးရွာ၌ မေလ ၂၁ ရက်က မိုးကြိုးစက်ကွင်းထိမှန်၍သေဆုံးခဲ့သည့် နွားပိုင်ရှင်များအားတွေ့ဆုံ၍ ကမ္ဘောဇဖောင်ဒေးရှင်းနှင့် ရှမ်းတောင်ပရဟိတ ညီနောင်များအသင်းမှ ထောက်ပံ့သော တစ်ကောင်လျှင် ငွေကျပ်ခုနစ်သိန်းနှုန်းဖြင့် နွားကောင်ရေ ၅၀ အတွက် စုစုပေါင်း ငွေကျပ်သိန်း ၃၅၀ အား နွားပိုင်ရှင်များထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပုဗ္ဗသီရိမြို့နယ် အောင်သာယာရပ်ကွက် အောင်စည်သာကျောင်းတိုက်၌ နေပြည်တော် ကုသရေးဦးစီးဌာနက ကွင်းဆင်းဆေးကုသပေး

နေပြည်တော် မေ ၂၈



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကုသရေးဦးစီးဌာနက ဦးဆောင်၍ နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် - ၃၀၀ နှင့်တပ်ကုန်းမြို့ ပြည်သူ့ဆေးရုံခုတင် - ၁၀၀ တို့မှ အထူးကုဆရာဝန်များပါဝင်သော အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် အောင်သာယာရပ်ကွက် အောင်စည်သာကျောင်းတိုက်၌ ဒေသခံပြည်သူများကိုကွင်းဆင်းပြီး အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေးမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် လာရောက်ဆေးကုသမှုခံယူကြသည့် ပြည်သူများကို အာဟာရဖြစ်စားသောက်ဖွယ်ရာပစ္စည်းများ၊ ဆေးစိမ်ခြင်ထောင်များနှင့် အထူးကုဆရာဝန်ကြီးများကို အမှတ်တရသစ်သီးခြင်းပေးအပ်သည်။

ယနေ့တွင် အထူးကုဆရာဝန်များက အထွေထွေရောဂါ ၁၃၅ ဦး၊ ကလေး ၂၂ ဦး၊ ခွဲစိတ် ၁၅ ဦး၊ အရိုး ၈၁ ဦး၊ သားဖွားမီးယပ် ၁၄ ဦး၊ မျက်စိ ၁၁၂ ဦး၊ သွားနှင့်ခံတွင်း ၂၈ ဦး၊ အကြောအဆစ် လေးဦး၊ X- ray ၁၀၈ ဦးနှင့် Ultrasound ၁၇ ဦး စုစုပေါင်း ပြည်သူ ၅၃၆ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဇေယျာမြေ)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅°C | / | ၃၃°C |
| ရန်ကုန် | ၂၆ °C | / | ၃၃°C |
| မန္တလေး | ၂၈°C | / | ၃၆°C |

လျှပ်စစ်
မီးကို
ချွေတာ
သုံးစွဲပါ

အဖိုးတန်
ရေချိုကို
ချွေတာ
ကြပါစို့

# ခုံရုံးအဆောက်အအုံအသစ်တည်ဆောက်မှုကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ကြည့်ရှုစစ်ဆေး





နေပြည်တော် မေ ၂၈

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ ရွှေတောင်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး နှစ်ထပ်အဆောက်အအုံအသစ်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ရွှေတောင်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီမှ တာဝန်ရှိသူများက နှစ်ထပ်အဆောက်အအုံအသစ်ဆောက်လုပ်နေမှုနှင့် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌက တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများကို သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ မြေလျှင်ပြင်းအား ၈ မဂ္ဂနီကျူအထိ ခံနိုင်ရည်ရှိစေရန် အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရေး၊ မိုးရာသီမတိုင်မီ အုတ်မြစ်လုပ်ငန်းများကို အချိန်မီပြီးစီးရေး၊ အဆောက်အအုံတစ်ခုလုံးအနေဖြင့်သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်ရေးနှင့် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် ခုံရုံးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ရုံးအဆောက်အအုံအသစ်တည်ဆောက်နေမှုနှင့် ဆောက်လုပ်ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ မြဝတီ

# ဓာတုပစ္စည်းစီမံခန့်ခွဲမှုသင်တန်းနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုသင်တန်းဖွင့်လှစ်





နေပြည်တော် မေ ၂၈

ဓာတုပစ္စည်းစီမံခန့်ခွဲမှုသင်တန်းနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဓာတုပစ္စည်းစီမံခန့်ခွဲရေးဗဟိုဌာန၌ကျင်းပရာ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် Virtual စနစ်ဖြင့်တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးကသင်တန်းမှ ပို့ချသွားမည့် သင်ခန်းစာများသည် လက်ရှိဓာတုပစ္စည်းနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းရှင်များနှင့် အလုပ်သမားများအတွက် အသိပညာနှင့်ဗဟုသုတများ ပိုမိုရရှိပြီး ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့်ဘေးအန္တရာယ်များကို ကောင်းစွာ ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ သင်တန်း တက်ရောက်လာကြသူများအနေဖြင့်သင်ကြားပို့ချမည့်အကြောင်းအရာများကို စိတ်ပါဝင်စားစွာ လေ့လာသင်ယူဆွေးနွေးပြီး မိမိတို့၏လုပ်ငန်းတာဝန်များတွင် လက်တွေ့အသုံးချဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်၊ သင်တန်း၌ ဆွေးနွေးပို့ချမည့်အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။

ယခုသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၆၅ ဦးတက်ရောက်ပြီး သင်တန်းကို နှစ်ရက်ကြာဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

# “နိုင်ငံဖွံ့ဖြိုးဖို့ လူငယ်များ၏ အနာဂတ်ကို မြှင့်တင်စို့” ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း တက်ရောက်



ရန်ကုန် မေ ၂၈

**“နိုင်ငံဖွံ့ဖြိုးဖို့ လူငယ်များ၏အနာဂတ်ကို မြှင့်တင်စို့”** ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီတွင် သာကေတမြို့နယ် လူငယ်စင်တာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လူငယ်ကိုယ်စားလှယ်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လူငယ်များအနေဖြင့် ဗလငါးတန် ပညာ့မာန်ဖြင့် နိုင်ငံ၏ အနာဂတ်ပဲ့ကိုင်ရှင်များဖြစ်အောင် ကြိုးစားပြီး ငြိမ်းချမ်းသာယာဖွံ့ဖြိုးသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ထုဆစ်ပုံဖော်ရာတွင် ရှေ့တန်းက တက်ကြွစွာ ပါဝင်နိုင်ကြသူများအဖြစ် စွမ်းဆောင်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် လွှတ်တော်ဥက္ကဋ္ဌတို့က လူငယ်စကားဝိုင်း Moderator/ Speaker နှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် လူငယ်အဖွဲ့ခေါင်းဆောင်ငါးဦးတို့က **“နိုင်ငံဖွံ့ဖြိုးဖို့ လူငယ်များ၏ အနာဂတ်ကို မြှင့်တင်စို့”** ခေါင်းစဉ်ဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် လူငယ်မောင်မယ်များက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကာ လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း QR Scan ဖြင့် စစ်တမ်းကောက်ယူခဲ့ကြောင်း သိရသည်။

မြဝတီ

# မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံအမတ်ကြီး H.E. Mr. Uladzimir BARAVIKOU အား ဒုတိယဝန်ကြီး ဦးကိုကိုကျော် လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၂၈

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် ဟန္နွိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံအမတ်ကြီး H.E. Mr. Uladzimir BARAVIKOU အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား အပြန်အလှန်ခရီးစဉ်များမှတစ်ဆင့် နှစ်နိုင်ငံထိတွေ့ဆက်ဆံမှုများ တိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့် သဘောတူစာချုပ်များ အကောင်အထည်ဖော်ဆောင်နိုင်ရေး၊ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသောဆက်ဆံရေး ပိုမိုခိုင်မာရေး၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် နေပြည်တော်တွင် ဘယ်လာရုစ်သံရုံးဖွင့်လှစ်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြကြောင်း သိရသည်။ မြဝတီ

## ၂၈-၅-၂၀၂၄ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆ . ၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၀၅၀,၀၀၀)ကျပ်**ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့

ညွန့်ဝင်း(နတ်တလင်း)

အခြေခံပညာကျောင်းများကို ၂၀၂၆ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်၍ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်ကို စတင်တော့မည်ဖြစ်သည်။ ကျောင်းဖွင့်ရာသီရောက်တိုင်း ပညာရေးဝန်ထမ်းအသီးသီးသည် ကျောင်းဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်မှုများဖြင့် အလုပ်ရှုပ်နေကြသည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း ကျောင်းဖွင့်လှစ်နိုင်ရေး လမ်းညွှန်ချက်များ၊ နှိုးဆော်ချက်များ၊ ထုတ်ပြန်ချက်များထုတ်ပြန်အသိပေးခြင်းများဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။ ပြီးခဲ့သောပညာသင်နှစ်က အောင်စာရင်းများကိုထုတ်ပြန်ပြီး လာမည့်ပညာသင်နှစ်အတွက် အရှိန်ယူဆောင်ရွက်ကြရသည်မှာ နိုင်ငံတော်၏အရေးပါသောတာဝန်များကို ဆောင်ရွက်နေကြခြင်းလည်းမည်ပါသည်။ မိမိတို့၏ရင်သွေးငယ်များ၊ တပည့်များကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေ၍ ပညာသင်ယူခွင့်ရရှိအောင် ဆောင်ရွက်ပေးရေးသည် အရေးကြီးသောအမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်။ ပညာဖြင့် ဦးဆောင်နေသောခေတ်တွင် တစ်မျိုးသားလုံးပညာတတ်မြောက်ရေးသည် မလွဲမသွေဆောင်ရွက်ကြရပေမည်။ ဘဝတစ်လျှောက်တွင် ပညာများကို စဉ်ဆက်မပြတ်လေ့လာနိုင်ရန် စာတတ်မြောက်ရန်လိုအပ်သည်။ စာတတ်မြောက်ခြင်းတွင် အတန်းပညာအခြေခံမြင့်မြင့်မားမားရရှိမှုအပေါ်မူတည်၍ အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်များ ကွာခြားသွားသည်။ ထို့ကြောင့် ပညာတတ်ခြင်း၏အခြေခံဟုဆိုနိုင်သောကျောင်းပညာသင်ယူနိုင်ရေးသည် ပဓာနနေရာတွင်ရှိနေသည်။ ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ယူခွင့်ရရှိရေးအတွက် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးဆောင်ပုဒ်အဖြစ် "နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့" ဟူ၍ သတ်မှတ်ကာ လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။

**❒ အသိဉာဏ်ပညာအားနည်းမှုကြောင့် အခြားသူများ၏သွေးထိုးလှုံ့ဆော်မှုများကို စဉ်းစားဆင်ခြင်ဉာဏ်ဖြင့် ဝေဖန်ပိုင်းခြားနိုင်ခြင်းမရှိဘဲ ဆင်ကန်းတောတိုးလုပ်ဆောင်ကြခြင်းကြောင့် နိုင်ငံတည်ငြိမ်မှုပျက်ပြားကာ တိုးတက်မှုနှေးကွေးခဲ့ရ၊ ထို့ကြောင့် ပညာရေးကိုမြှင့်တင်၍ နိုင်ငံသူ၊ နိုင်ငံသားတို့၏စိတ်နေစိတ်ထား(Mind Set)မြင့်မားလာအောင် ဆောင်ရွက်ကြရမည်ဖြစ် . . .**

၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် ကျောင်းအပ်လက်ခံခြင်းကို မေလ ၂၅ ရက်မှ စတင်ဆောင်ရွက်လျက်ရှိပြီး မေလ ၂၅ ရက်မှ မေလ ၃၁ ရက်နေ့အထိ ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် ဆောင်ရွက်လျက်ရှိသည်။ ပညာရေးဝန်ထမ်းဆရာ၊ ဆရာမများသည် သက်ဆိုင်ရာအတန်းအလိုက် ရက်တိုသင်တန်းများ တက်ရောက်ခဲ့ပြီး ပညာသင်နှစ်အသစ်တွင် ပညာရေးတာဝန်များကို တစ်နှစ်ထက်တစ်နှစ် ပိုမိုပြည့်ဝသောသင်ကြားရေးအတွေ့အကြုံများ၊ နည်းလမ်းများဖြင့် သင်ကြားလေ့ကျင့်ပေးကြတော့မည်ဖြစ်သည်။ ပညာရပ်အသီးသီးသည် ရပ်တန့်နေသည်မဟုတ်ဘဲ အစဉ်အမြဲပြောင်းလဲတိုးတက်လျက်ရှိရာ ခေတ်နှင့်အညီ ပညာအချက်အလက်များ၊ သင်ကြားနည်းများဖြင့် သင်ကြားကြရမည်ဖြစ်သည်။

နိုင်ငံတော်က ပညာရေးကဏ္ဍမြှင့်တင်ရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။ စာတတ်မြောက်မှုနှုန်းမြင့်မားအောင် ဆောင်ရွက်နိုင်မှသာ နိုင်ငံသားတိုင်းပညာတတ်မြောက်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာသောလူသားအရင်းအမြစ်များဖြစ်လာပေမည်။ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ ကျွန်တော်တို့နိုင်ငံလူဦးရေ၏စာတတ်မြောက်မှုမှာ ၉၁ ဒသမ ၁ ရာခိုင်နှုန်းကျော်ရှိသော်လည်း အခြေခံပညာမူလတန်းအဆင့် တတ်မြောက်သူများသာများပြားပြီး အထက်တန်းအဆင့်နှင့်တက္ကသိုလ်အဆင့် တတ်မြောက်သူနည်းပါးလျက်ရှိကြောင်း တွေ့ရှိရသည်။ ကျွန်တော်တို့နိုင်ငံသည် လွတ်လပ်ရေးမရရှိမီ အချိန်ကာလအတွင်း ကိုလိုနီလက်အောက် ပညာရေးနှင့်ကမ္ဘာ့စစ်ဒဏ်ကိုခံစားခဲ့ရသောကြောင့် ပညာသင်ကြားရေးကိုထိခိုက်ပြီး ပညာရေးတွင် အားနည်းခဲ့ရသည်။ ထို့ကြောင့် လွတ်လပ်ရေးရရှိပြီးချိန်နောက်ပိုင်းတွင် စာမတတ်သူပပျောက်ရေးအတွက် "အ"သုံးလုံးလှုပ်ရှားမှုများကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ အတန်းပညာသင်ကြားသည့်ကျောင်းပညာသင်ကြားမှုများ အားနည်းခဲ့သောကြောင့် ထိုကာလကတည်းက ပညာတတ်များနည်းပါးခဲ့သည်။ ခေတ်အဆက်ဆက်ဖြတ်သန်းရသည့်သမိုင်းကြောင်းတွင် ပညာရေးအားနည်းချက်များကြောင့် အေးချမ်းတည်ငြိမ်မှုနှင့် တိုးတက်မှုနည်းပါးခဲ့ရသည်။

"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဟူသည့်အတိုင်း စာသင်ကျောင်းတွင် အတန်းပညာတက်ရောက်သင်ကြားခဲ့ရသူများသည် အတန်းပညာမသင်ကြားခဲ့ရသည့်သူများထက် စည်းကမ်းနှင့်အလေ့အကျင့်များ ပိုမိုကောင်းမွန်ကြသည်ကို တွေ့ရသည်။ ကျောင်းသင်ပညာရေးတွင် ဆရာ၊ ဆရာမများ၏သွန်သင်ဆုံးမမှုများအောက်တွင် ကြီးပြင်းလာရသဖြင့် ယဉ်ကျေးလိမ္မာမှုများ၊ စည်းကမ်းလိုက်နာမှုများရှိကြခြင်းဖြစ်သည်။ ပညာရေးအားနည်းမှုသည် နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့် စည်းကမ်းထိန်းသိမ်းရေးအတွက် များစွာအကျိုးသက်ရောက်မှုရှိပေသည်။ ခေတ်အဆက်ဆက်ပေါ်ပေါက်ခဲ့သောပဋိပက္ခများသည် ပညာအားနည်းမှု၊ အတန်းပညာ၊ အသိပညာအားနည်းမှုတို့ဖြစ်ကြောင်းတွေ့နိုင်သည်။ အသိဉာဏ်ပညာအားနည်းမှုကြောင့် အခြားသူများ၏သွေးထိုးလှုံ့ဆော်မှုများကို စဉ်းစားဆင်ခြင်ဉာဏ်ဖြင့် ဝေဖန်ပိုင်းခြားနိုင်ခြင်းမရှိဘဲ ဆင်ကန်းတောတိုးလုပ်ဆောင်ကြခြင်းကြောင့် နိုင်ငံတည်ငြိမ်မှုပျက်ပြားကာ တိုးတက်မှုနှေးကွေးခဲ့ရသည်။ ထို့ကြောင့် ပညာရေးကိုမြှင့်တင်၍ နိုင်ငံသူ၊ နိုင်ငံသားတို့၏စိတ်နေစိတ်ထား(Mind Set )မြင့်မားလာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် အခြေခံပညာအဆင့်၌ အပိုင်းနှစ်ပိုင်းရှိသည်။ ပထမတစ်ပိုင်းမှာ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပြီး ဒုတိယတစ်ပိုင်းမှာ ကျောင်းတက်ရောက်နေသည့်ကလေးတိုင်းကို အမှန်တကယ်တတ်မြောက်အောင် သင်ကြားပေးရမည်ဖြစ်သည်။ အခြေခံပညာကျောင်းများတွင် အချို့ကျောင်းများသည် စံကိုက်ဖြစ်သော်လည်း အချို့ကျောင်းများမှာ ကျောင်းအင်္ဂါရပ်များနှင့် ပြည့်စုံမှုမရှိသည်ကို တွေ့ရသည်။ ကွာဟချက်၊ အားနည်းချက်များ နည်းနိုင်သမျှနည်းပြီး စံကိုက်လုပ်ဆောင်နိုင်သည့် ကျောင်းများဖြစ်အောင် ကြိုးစားကြရပေမည်။

ပညာခေတ်တွင် ပညာရေးနည်းစနစ်တို့သည် အစဉ်အမြဲပြောင်းလဲတိုးတက်နေသည်ဟု ဆိုခဲ့သည့်အတိုင်း ပြောင်းလဲတိုးတက်နေသည့်ခေတ်နှင့်အညီ သင်ကြားရေးဆိုင်ရာနည်းစနစ်များကို ခေတ်နှင့်လျော်ညီစွာဆောင်ရွက်ပေးရမည်ဖြစ်သည်။ ထိုအထဲတွင် ကျောင်းနေအရွယ်ကလေးများကျောင်းတက်လိုသည့်စိတ်များရှိအောင် ဆွဲဆောင်စည်းရုံးပေးရမည်ဖြစ်သည်။ သင်ကြားမှုတိုးတက်ကောင်းမွန်လာရေးအတွက် အမြဲသုတေသနပြုဆောင်ရွက်၍ ကလေးများ၏လိုလားချက်ကို ဖြည့်ဆည်းပေးရမည်၊ အခြေခံပညာမူလတန်းမှစ၍ အခြေခံပညာအထက်တန်းပြီးဆုံးသည်အထိ စနစ်တကျသင်ကြားပေးရန်နှင့် စည်းကမ်းပိုင်းဆိုင်ရာများလိုက်နာမှုရှိစေရန်အတွက်လည်း သင်ကြားလေ့ကျင့်ဆောင်ရွက်ပေးရပေမည်။

နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာလာစေရန်အမျိုးသားပညာရေးကဏ္ဍကို အလေးထားမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ ပညာရေးအဆင့်အတန်း တိုးတက်မြင့်မားရန်အတွက် နှစ် ၃၀ အမျိုးသားပညာရေးစီမံကိန်းကိုလည်း ဆက်လက်အကောင်အထည်ဖော်နေသည်။ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်နိုင်ရေးနှင့် KG +9 ပြီးမြောက်ရေး၊ အလယ်တန်းပညာပြီးဆုံးအောင်မြင်သူများကို စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေး၊ အသက်မွေးဝမ်းကျောင်းအခြေခံများရရှိစေရန် Grade-10၊ Grade-11၊ Grade-12 အတန်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပညာရပ်များ သင်ကြားနိုင်ရေး၊ အဆင့်မီသူများကို သိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်များတွင် ဆက်လက်ပညာသင်ယူနိုင်ရေး အစီအမံများကို အကောင်အထည်ဖော်လျက်ရှိသည်။

**❒ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"ဟူသည့်အတိုင်း စာသင်ကျောင်းတွင် အတန်းပညာတက်ရောက်သင်ကြားခဲ့ရသူများသည် အတန်းပညာမသင်ကြားခဲ့ရသည့်သူများထက် စည်းကမ်းနှင့်အလေ့အကျင့်များ ပိုမိုကောင်းမွန်ကြသည်ကိုတွေ့ရ၊ ကျောင်းသင်ပညာရေးတွင် ဆရာ၊ ဆရာမများ၏ သွန်သင်ဆုံးမမှုများအောက်တွင် ကြီးပြင်းလာရသဖြင့် ယဉ်ကျေးလိမ္မာမှုများ၊ စည်းကမ်းလိုက်နာမှုများရှိကြခြင်းဖြစ် . . .**

မိဘများအနေဖြင့် လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖဆိုသည့်အတိုင်း သားသမီးများ၏ ပညာရေးကို စတင်ပျိုးထောင်ပေးသူများဖြစ်သည်။ သားသမီးများကျောင်းနေအရွယ်ရောက်သည်နှင့် ပညာတတ်များဖြစ်လာအောင်၊ ယဉ်ကျေးလိမ္မာအောင်၊ ဘဝအခြေခံအုတ်မြစ်ခိုင်မာအောင် ကျောင်းစတင်အပ်နှံပြီး ပညာသင်ယူစေရမည်။ အချို့မိဘများသည် စားဝတ်နေရေးအတွက် ကြိုးစားရုန်းကန်ရင်းမှပင် သားသမီးများ၏ အနာဂတ်ဘဝလှပစေရန် ကြိုးစားကျောင်းထားပေးကြသည်။ အလွန်ဝမ်းမြောက် ကျေးဇူးတင်စရာကောင်းလှသည်။

ထို့ကြောင့် မိဘဆရာပူးပေါင်း ကလေးပညာကောင်းဟူသည့်အတိုင်း ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ် ပညာသင်ယူခွင့်ရရှိစေရန် မိဘအားလုံးက ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင်ကြိုးပမ်းကြလျှင် ပညာမတတ်၍ အသိငတ်သော၊ အတွေးခေါ်မှားယွင်းသော ကျောင်းနေအရွယ်ကလေးများပပျောက်၍ အသိပညာ၊ အတတ်ပညာ၊ စည်းကမ်း၊ စိတ်ဓာတ်၊ ကိုယ်ကျင့်တရားများမြင့်မြတ်ကောင်းမွန်သောလူငယ်များပေါ်များလာပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဝန်းအဝိုင်းကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။ ။

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် မေ ၂၈

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၌အခြေပြု၍ အဆိုပါမြို့ပေါ်ရှိ သံဃာတော် ၇၀ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော သံဃာတော်များအား မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# ဓာတ်အားခွဲရုံနှင့်ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းဆောင်ရွက်စဉ် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်အတွင်းရှိ အိမ်ရာများ၊ ဧကေ(၆၀၀၀)ကျော်၊ ပညာရေးဝန်ထမ်းအိမ်ရာများတွင် ဓာတ်အားယာယီပြတ်တောက်မည်

နေပြည်တော် မေ ၂၈

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းနှင့် ပုံမှန်ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် မေလ ၂၉ ရက်တွင် ခွဲရုံအမှတ်၁၃ ရှိ၁၁ ကေဗွီ ဖီဒါ(၃)ဓာတ်အားလိုင်းအား နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ထိန်းသိမ်းပြုပြင်ခြင်းဆောင်ရွက်မည်ဖြစ်သဖြင့် ဇမ္ဗူသီရိမြို့နယ်သုခသိဒ္ဓိရပ်ကွက်အတွင်းရှိ အိမ်ရာများ၊ ဧကေ(၆၀၀၀)ကျော်၊ ပညာရေးဝန်ထမ်း အိမ်ရာများတွင် ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ဧရိယာများရှိ အများပြည်သူများအား ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရှိရသည်။

မြဝတီ

# ချမ်းအေးသာစံမြို့နယ်၌ ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးသင်တန်း အခမ်းအနားကျင်းပ

မန္တလေး မေ ၂၈

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးသင်တန်းကို ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက် ဆုတောင်းရမြတ်စွာဘုရား၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပဆောင်ရွက်ခဲ့သည်။



ရှေးဦးစွာ ချမ်းအေးသာစံမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ချမ်းအေးသာစံ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ခေတ္တတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးအောင်ဇော်မြင့်က ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းနှင့်ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားကာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြသည်။

ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးရက်တိုသင်တန်းကို နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သင်တန်းနည်းပြလေးဦးက သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၇၀ ဦး တက်ရောက်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ (၄၀၂)

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဝင်းကို အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် နယ်မြေခံတပ်မတော်သားများက အခြေခံပညာကျောင်းများ၌ သန့်ရှင်းရေးဆောင်ရွက်ပေးနေမှုကိုကြည့်ရှုအားပေးစဉ်။

နေပြည်တော် မေ ၂၈

၂၀၂၆ - ၂၀၂၇ ခုနှစ်၊ ပညာသင်နှစ်ကျောင်းဖွင့်ရာသီတွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့်ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ မိုင်းခတ်မြို့၊ တာချီလိတ်မြို့၊ မိုင်းခွန်မြို့နှင့် မိုင်းယန်းမြို့နယ်တို့ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းဝင်းအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ စာသင်ဆောင်အတွင်း/အပြင် သန့်ရှင်းရေးပြုလုပ်ပေးခြင်းနှင့် စာသင်ခုံများနေရာချထားပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

→ ရှေ့ဖုံးမှအဆက်

မော်တော်ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာမောင်းနှင်ရန် ပြင်ဆင်၍မရနိုင်သည့်ယာဉ်များနှင့် ထုတ်လုပ်သည့်ခုနှစ်မှ သက်တမ်း နှစ် ၂၀ မကျော်သော်လည်း မိမိဆန္ဒအရ အပ်နှံလိုသည့်ယာဉ်များအား အပ်နှံယာဉ်၏တန်ဖိုးနှင့်အညီ လျှပ်စစ်သုံးယာဉ် (EV) ယာဉ်များအား အစားထိုးလဲလှယ်နိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ယာဉ်အို/ယာဉ်ဟောင်းအပ်နှံမှုအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှထုတ်ပေးသည့် ဖျက်သိမ်းယာဉ်ထောက်ခံချက်ပုံစံ (ဃ) တင်ပြပါက အပ်နှံသည့်ယာဉ်အမျိုးအစားအလိုက် သင့်လျော်သောလျှပ်စစ်သုံးယာဉ် (EV) တစ်စီးအား အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီက စိစစ်၍ အစားထိုးတင်သွင်းခွင့်ပြုမည်ဖြစ်ပြီး ကျသင့်မည့်နိုင်ငံခြားငွေများကိုလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သင့်တင့်သောဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်။ **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မေ ၂၈

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

# ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၆) မော်လမြိုင်သင်တန်းစခန်းမှ သင်တန်းသား၊ သင်တန်းသူများ၊ နည်းပြများနှင့်ကြီးကြပ်သူများအား ဂုဏ်ပြုကြိုဆိုပွဲကျင်းပ



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း မော်လမြိုင်သင်တန်းစခန်းမှသင်တန်းသား၊ သင်တန်းသူများ၊ နည်းပြများနှင့်ကြီးကြပ်သူများအား ဂုဏ်ပြုကြိုဆိုပွဲတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

နေပြည်တော် မေ ၂၈

လေ့လာရေးခရီးသွားရောက်ခဲ့ကြသည့် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၆) မော်လမြိုင်သင်တန်းစခန်းမှသင်တန်းသား၊သင်တန်းသူများ၊ နည်းပြများနှင့် ကြီးကြပ်သူများအား ဂုဏ်ပြုကြိုဆိုပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်၌ ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ကြီးကြပ်သူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ကာ သင်တန်းသား၊ သင်တန်းသူများအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ပုသိမ်မြို့၊ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံနေမှုအား ကြည့်ရှုအားပေး



အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် မေ ၂၈

၂၀၂၆ - ၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန်လ ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှုသီတင်းပတ်အဖြစ် မေလ ၂၅ ရက်မှ မေလ ၃၁ ရက်အထိ စနေ၊ တနင်္ဂနွေအပါအဝင် ပိတ်ရက်မရှိသတ်မှတ်၍ မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းအသီးသီး၌ ကျောင်းအပ်နှံမှုလက်ခံခြင်းများကို ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ၊ ဆရာမများ၊ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ အတန်းစဉ်အလိုက် ကျောင်းအပ်နှံမှုနှင့် ကျောင်းအပ်လက်ခံနေမှုများကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉)မှသင်တန်းသားများ လေ့လာရေးများဆက်လက်ဆောင်ရွက်



အခြေခံ လေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁၀) နှင့် တန်းမြင့် လေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၉)မှ သင်တန်းသားများ စုပေါင်းမှတ်တမ်း ဓာတ်ပုံရိုက်စဉ်။




အခြေခံလေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့် လေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၉)မှ သင်တန်းသားများ တပ်မတော်(ရေ) Documentary အား ကြည့်ရှုစဉ်။

နေပြည်တော် မေ ၂၈

အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉)မှ သင်တန်းသားများနှင့် နည်းပြအုပ်ချုပ်သူများသည် ရန်ကုန်မြို့အတွင်း လေ့လာရေးခရီးစဉ်များ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရေတပ်စခန်းဌာနချုပ်များသို့ သွားရောက်လေ့လာခြင်းနှင့် စစ်ရေယာဉ်လိုက်ပါစီးနင်းခြင်းများ ဆောင်ရွက်ကြသည်။

ဦးစွာ သန်လျင်မြို့ရှိ နယ်မြေခံရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ သွားရောက်လေ့လာခဲ့ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။ ထို့နောက် လေကြောင်းလူငယ်သင်တန်းသားများသည် တပ်မတော်(ရေ) Documentary အားကြည့်ရှုပြီး ရေကြောင်းပြခန်းနှင့် ကွန်ပျူတာခန်းတို့အားလည်းကောင်း၊ သမိုင်းဝင်စစ်ရေယာဉ်-မေယုအားလည်းကောင်း လေ့လာကြည့်ရှုကြသည်။

ယင်းနောက် သင်တန်းသားများနှင့် နည်းပြအုပ်ချုပ်သူများသည် မွန်းလွဲပိုင်းတွင် စစ်ရေယာဉ်(အောင်ဇေယျ)နှင့် စစ်ရေယာဉ်(ကျန်စစ်သား)တို့အား လိုက်ပါစီးနင်း၍ ရန်ကုန်မြစ်ကြောင်းတစ်လျှောက် လေ့လာရေးဆောင်ရွက်ခြင်းနှင့် စစ်ရေယာဉ်ဆိုင်ရာ အချက်အလက်များ၊ လက်နက်စနစ်များ၊ စက်ပိုင်းဆိုင်ရာစနစ်များ၊ ရေကြောင်းသွားလာရေးဆိုင်ရာအထွေထွေဗဟုသုတများ၊ ဆက်သွယ်ရေးနှင့်အီလက်ထရွန်နစ်ဆိုင်ရာစနစ်များနှင့် ရေယာဉ်ခုတ်မောင်းနေစဉ် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များအား စိတ်ပါဝင်စားစွာ လေ့လာကြသည်။

ဆက်လက်ပြီး နယ်မြေခံရေတပ်သင်္ဘောကျင်းဌာနချုပ်ရှိ ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းခွင်သို့လည်းကောင်း၊ ရေယာဉ်တည်ဆောက်ရေးအလုပ်ရုံများသို့လည်းကောင်း၊ လွန်းတင်ရေယာဉ်များ၏ လုပ်ငန်းခွင်များသို့လည်းကောင်း သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉)မှ သင်တန်းသားများ ရေကြောင်းပြခန်းနှင့် ကွန်ပျူတာခန်းတို့အား လေ့လာကြည့်ရှုစဉ်။

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဗထူးတပ်နယ်ရှိ ခြေလျင်တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူးသင်တန်းသားများနှင့်သင်တန်းနည်းပြများအား တွေ့ဆုံအမှာစကားပြောကြား





ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဗထူးတပ်နယ်ရှိ ခြေလျင်တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူးသင်တန်းသားများနှင့် သင်တန်းနည်းပြများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် မေ ၂၈

တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားဖြစ်သည့် ဒွိတာဝန် အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်၊ နိုင်ငံတော်ကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတည်ငြိမ်အေးချမ်းမှုသည် အရေးကြီးသဖြင့် အင်အားတောင့်တင်းခိုင်မာပြီး စွမ်းရည်ထက်မြက်သည့် တပ်မတော်ဖြစ်စေရေးအတွက် တပ်မတော်သားတစ်ဦးချင်းစီ၏ စွမ်းရည်ထက်မြက်စေရေး လေ့ကျင့်သွားရန်လိုအပ်ကြောင်းဖြင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက ယနေ့ မွန်းလွဲပိုင်းတွင် ဗထူးတပ်နယ်ရှိ ခြေလျင်တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူးသင်တန်းသားများနှင့် သင်တန်းနည်းပြများအား တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ ဗထူးတပ်နယ်ရှိ ခြေလျင်တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူး သင်တန်းသားများနှင့် သင်တန်းနည်းပြများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက တွေ့ဆုံအမှာစကားပြောကြားရာတွင် ရှေ့တန်းစစ်မျက်နှာတွင် အသက်နှင့်ခန္ဓာကို အပ်နှင်း၍ စစ်ဆင်ရေးတာဝန်များကို ရှပ်ရှပ်ချွံချွံ ထမ်းဆောင်ခဲ့ပြီး သင်တန်းလာရောက်တက်ကြသည့် သင်တန်းသားများနှင့် တွေ့ဆုံရသည့်အတွက် ဝမ်းသာဂုဏ်ယူကြောင်း။

မိမိတို့နိုင်ငံသည် ပထဝီနိုင်ငံရေးအရ အချက်အချာနေရာ(Geopolitical Pivot) တစ်ခုအဖြစ် တည်ရှိနေပြီး နိုင်ငံရေးစနစ်မတူညီသည့် အင်အားကြီးနှစ်နိုင်ငံအကြားတွင် တည်ရှိကြောင်း၊ သမိုင်းကြောင်းအရ ကိုယ့်ထီးကိုယ့်နန်းနှင့် တိုင်းရင်းသားပေါင်းစုံ အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်သည်ကို အင်အားကြီး နယ်ချဲ့အင်္ဂလိပ်တို့၏ မတရားကျူးကျော်သိမ်းပိုက်ခံခဲ့ရာမှ ပြည်သူနှင့် မျိုးချစ်တပ်မတော်တို့ ပူးပေါင်းတွန်းလှန်ခဲ့ခြင်းဖြင့် လွတ်လပ်ရေးရခဲ့ကြောင်း၊ သို့သော်လည်း အင်အားကြီး အနောက်နိုင်ငံ၏ မြှောက်ပင့်ပေးမှုဖြင့် ဖြစ်ပေါ်ခဲ့သည့် ပြည်ပကျူးကျော်မှုကိုလည်း တပ်မတော်နှင့် ပြည်သူလက်တွဲတိုက်ထုတ်ခဲ့ရကြောင်း၊ ထိုသို့ သမိုင်းအစဉ်အလာနှင့် နိုင်ငံ၏ ပထဝီအနေအထားကြောင့် မိမိတို့နိုင်ငံနှင့် သင့်လျော်သည့် ပြည်သူလူထုလိုလားသော စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းပေါ်တွင် ခိုင်မာစွာလျှောက်လှမ်းနိုင်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် မဖြစ်မနေလိုအပ်သည့် နိုင်ငံတော်တည်ငြိမ်

❖ **သမိုင်းအစဉ်အလာနှင့် နိုင်ငံ၏ ပထဝီအနေအထားကြောင့် မိမိတို့နိုင်ငံနှင့်သင့်လျော်သည့် ပြည်သူလူထုလိုလားသော စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းပေါ်တွင် ခိုင်မာစွာလျှောက်လှမ်းနိုင်ရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် မဖြစ်မနေလိုအပ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်စွမ်းရည်ပြည့်ဝအောင် မိမိတို့ကိုယ်စီကြိုးစားဆောင်ရွက်ကြရန်လို . . .**

❖ **တပ်မတော်သားများအနေဖြင့် ခြေလျင်၊ လက်ရုံးခွဲခြားမှုမရှိဘဲ အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်စေရေးလေ့ကျင့်ဆောင်ရွက်နေကြရမည်ဖြစ် . . .**

# ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး လက်ခံတွေ့ဆုံ၊ နှစ်နိုင်ငံ ဗဟိုဘဏ်များအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် မေ ၂၈

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးသည် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ H.E. Mr. Alexander EGOROV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ကံ့ကော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။




တွေ့ဆုံစဉ် နှစ်နိုင်ငံဗဟိုဘဏ်များအကြား အပြန်အလှန်နားလည်မှုများ ပိုမိုခိုင်မာအားကောင်းလာစေရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာအားကောင်းလာစေရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများပိုမိုနီးကပ်စွာဆောင်ရွက်နိုင်စေရေး၊ ပိုမိုခိုင်မာသော ဘဏ်လုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုများကို အထောက်အကူပြုနိုင်ရေး၊ နှစ်နိုင်ငံအကြား ကူးသန်းရောင်းဝယ်ရေးဘဏ်များကို ကူညီထောက်ပံ့ပေးနိုင်ရေးနှင့် နှစ်နိုင်ငံဗဟိုဘဏ်ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရန်အတွက် သင်တန်းများပူးတွဲကျင်းပနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုဘဏ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဇမ္ဗူသီရိခန်းမ၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌဒေါက်တာခင်နိုင်ဦး ရှေ့မှောက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဒေါက်တာစန္ဒာဦးနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ H.E. Mr. Alexander EGOROV တို့က အဆိုပါနားလည်မှုစာချွန်လွှာတွင် လက်မှတ်ရေးထိုးကာ စာချွန်လွှာများကိုအပြန်အလှန် လဲလှယ်ခဲ့ကြသည်။

နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးခြင်းဖြင့် နှစ်နိုင်ငံဗဟိုဘဏ်တို့အကြား ငွေကြေးမူဝါဒများ၊ မေခရိုစီးပွားရေးဆိုင်ရာမူဝါဒများ၊ ဘဏ်လုပ်ငန်းစနစ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ သဘောထားအမြင်များဖလှယ်ရန်၊ ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် သတင်းအချက်အလက်များ ဖလှယ်ရန်၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မည့် နှစ်နိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေးဘဏ်များကို ကူညီထောက်ပံ့ပေးရန် စသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများအားမြှင့်တင်ဆောင်ရွက်သွားနိုင်မည့်အပြင် နှစ်နိုင်ငံဗဟိုဘဏ်များအကြား စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ သင်တန်းများကိုလည်း ပူးတွဲကျင်းပနိုင်မည်ဖြစ်သည့်အတွက် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များလည်း ပိုမိုပြည့်ဝလာစေခြင်းစသည့် အကျိုးကျေးဇူးများများစွာဖြစ်ထွန်းရရှိစေမည်ဖြစ်သည်။ မြဝတီ



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဗထူးတပ်နယ်ရှိ ခြေလျင်တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူးသင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

အေးချမ်းရေးအတွက် တပ်မတော်စွမ်းရည်ပြည့်ဝအောင် မိမိတို့ကိုယ်စီကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း။

ထို့ကြောင့် စွမ်းရည်ရှိသည့် တပ်မတော်သားများဖြစ်စေရေး မိမိတို့တတ်မြောက်ထားသည့် စစ်အတတ်ပညာများကို ကျွမ်းကျင်တတ်မြောက်စွာ အသုံးချနိုင်သည့်၊ ကျန်းမာကြံ့ခိုင်သည့် တပ်မတော်သားများဖြစ်အောင် **“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”** ဆိုသည့် ဆောင်ပုဒ်အတိုင်း ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လျက်ရှိသည့် စစ်အသုံးအဆောင်နှင့် စစ်အတတ်ပညာများကို အသုံးချနိုင်ရန်အတွက် စဉ်ဆက်မပြတ် လေ့လာနေရမည်ဖြစ်ကြောင်း၊ လေ့လာသင်ယူထားသော စစ်ပညာရပ်များကို စစ်မြေပြင်တွင် အကျိုးရှိစွာအသုံးချနိုင်ရန်လိုအပ်ပြီး တစ်ဦးချင်း၏ တိုက်စွမ်းရည်ကို ဟန်ချက်ညီညီ ပေါင်းစပ်ကာ အဖွဲ့အစည်း၏ တိုက်စွမ်းရည်ကို မြှင့်တင်နိုင်ရန်လိုကြောင်း၊ မိမိတို့သည် တပ်မတော်အရာရှိဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာရှိရန်လိုအပ်ကြောင်း၊ ထို့ပြင် နိုင်ငံ၏ သမိုင်းကြောင်း၊ တပ်မတော်၏သမိုင်းကြောင်းများကို သိရှိအောင်လေ့လာမှတ်သားကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် ခြေလျင်၊ လက်ရုံးခွဲခြားမှုမရှိဘဲ အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်စေရေး လေ့ကျင့်ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ မိမိအတွက် အကျိုးဖြစ်စေမည့် စာပေအသိပညာ ဖတ်ရှုလေ့လာခြင်းများကိုလည်း စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လေ့လာဖတ်ရှုမှုများကို အမြဲမပြတ် ဆောင်ရွက်နေမည်ဆိုပါက လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် အထောက်အကူပြုမည်ဖြစ်ပြီး မိမိတို့ ဖတ်မှတ်ထားသည်များကို စစ်မြေပြင်တွင် လက်တွေ့အသုံးချခြင်းနှင့် ဝေမျှခြင်းများကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ လေ့လာဖတ်ရှုခြင်း၊ မှတ်သားခြင်း၊ ဆွေးနွေးခြင်း၊ အသုံးချခြင်းများမှတစ်ဆင့် အသိပညာများ ပိုမိုအားကောင်းလာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ကိုယ်ကျင့်တရားပိုင်းနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲ၏ အမြဲလမ်းညွှန်မှာကြားချက်ဖြစ်သည့် **သင့် (၄) သင့်**ကို လိုက်နာဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ **သင့် (၄) သင့်**ဆိုသည်မှာ သွားသင့်သည့် နေရာကိုသွားရန်၊ ပြောဆိုသင့်သည့် စကားကိုသာပြောဆိုရန်၊ လုပ်သင့်သည့် အလုပ်ကိုသာလုပ်ရန်နှင့် ပေါင်းသင်းသည့် သူကိုသာပေါင်းသင်းသွားရန်တို့ဖြစ်ကြောင်း။

နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ရပ်နှင့်အညီ ကျင့်ကြံနေထိုင်ပြီး ခေါင်းဆောင်ကောင်းများ ပီသစွာဖြင့် တပ်ကိုကွပ်ကဲ ဦးဆောင်ကြရန်လိုကြောင်း၊ မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်မှုနှင့်ပတ်သက်၍ မိမိလက်အောက်အရာရှိ၊ စစ်သည်များ စည်းကမ်းစနစ်တကျဖြစ်စေရေး ထိန်းသိမ်းရန်လိုအပ်သကဲ့သို့ လက်အောက်ငယ်သားများအပေါ်တွင်လည်း ကိုယ်ချင်းစာတရားထား၍ စံနမူနာပြ အုပ်ချုပ်ရန်လိုကြောင်း၊ လူတိုင်း (၁)ဖြစ်ခွင့်ရှိသော်လည်း လူတိုင်း (၁)မဖြစ်နိုင်ကြောင်း၊ သို့သော် လုံ့လဝီရိယဖြင့် ကြိုးစားလျှင် အောင်မြင်မည်ဖြစ်၍ ဖွဲမလျှော့ဘဲ ကြိုးစားရန်လိုကြောင်း၊ မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ ရည်မှန်းချက်တာဝန်များကို ဆောင်ရွက်ရာတွင် အသိတရား၊ သတိတရားဖြင့် ထိန်းသိမ်း၍ဆောင်ရွက်ကြမည်ဆိုပါက မိမိတို့၏လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင်ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် သင်တန်းကျောင်းဝင်းအတွင်းရှိသင်တန်းသားအိပ်ဆောင်များအား လိုက်လံကြည့်ရှုစစ်ဆေးပြီး သင်တန်းအဆောင်များအလိုက် စနစ်တကျရှိစေရေး၊ ထိန်းသိမ်းမှုကောင်းမွန်စေရေး၊ ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးတို့မှာကြားပြီး လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)ရှိ သုံးထပ်စာသင်ဆောင်၊ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး)နှင့် တပ်မတော်(ကြည်း) အရာခံနှင့်အကြပ်ကြီးသင်ကျောင်းတို့မှ ကျောင်းအုပ်ကြီးနှင့် ဒုတိယကျောင်းအုပ်ကြီးတို့က လေ့ကျင့်သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များ၊ တပ်တည်ဆောက်ရေး လုပ်ငန်းကြီး(၄)ရပ်တို့အား ရှင်းလင်းတင်ပြရာ ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က ဗထူးမြို့သည် လေ့ကျင့်ရေးဆိုင်ရာ သင်တန်းကျောင်းကြီးများ အခြေပြုရာ သမိုင်းအစဉ်အလာအရ ထူးခြားသည့် တပ်မြို့ဖြစ်ပြီး အဓိကတာဝန်သည် လေ့ကျင့်သင်ကြားပေးရန်ဖြစ်သည့်အတွက် လေ့ကျင့်သင်ကြားရေးနှင့်ပတ်သက်၍ ပီပီပြင်ပြင် လက်တွေ့ကျကျ လေ့ကျင့်သင်ကြားပေးရန် လိုကြောင်း၊ နည်းပြများအနေဖြင့် စစ်ဘက်ဆိုင်ရာ အသိပညာနှင့် အတတ်ပညာများ သင်ကြားလေ့ကျင့်ပေးရာတွင် စေတနာထား၍ တတ်မြောက်သည်အထိ လေ့ကျင့်ပေးသွားရန်လိုကြောင်း၊ မိမိသိသလို၊ တတ်မြောက်သလို၊ ကျွမ်းကျင်သလို သင်တန်းသားများကိုလည်း တတ်သိကျွမ်းကျင်အောင် သင်ကြားပေးရန် လိုကြောင်းမှာကြားပြီး သိရှိလိုသည်များ မေးမြန်းကာ လိုအပ်သည်များကိုတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# တရုတ်နိုင်ငံယူနန်မီဒီယာဂရု(Yunnan Media Group)နှင့် မြန်မာနိုင်ငံဆွေမျိုးပေါက်ဖော် မဂ္ဂဇင်းတို့အကြားမီဒီယာပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

ရန်ကုန် မေ ၂၈

တရုတ်နိုင်ငံယူနန် မီဒီယာဂရု (Yunnan Media Group)နှင့် မြန်မာဘာသာဖြင့် လစဉ်ထုတ်ဝေသည့် ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်းတို့အကြား သတင်း၊ အကြောင်းအရာပံ့ပိုးမှုနှင့်နည်းပညာဆိုင်ရာတို့ကိုပူးပေါင်းဆောင်ရွက်နိုင်ရေး နှစ်ဖက်နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ယမန်နေ့ညပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းအတွင်းရှိ Myanmar Sport Hotel ၌ ကျင်းပသည်။




အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန မြဝတီရုပ်မြင်သံကြားတို့မှ တာဝန်ရှိသူများ၊ Yunnan Media Group ဒုတိယဥက္ကဋ္ဌ Ms. Zhang Ying နှင့်တာဝန်ရှိသူများ၊ မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးအသင်း၊ ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ကြသည်။

အခမ်းအနားတွင် Yunnan Media Group ဒုတိယဥက္ကဋ္ဌ Ms. Zhang Ying နှင့် ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်းထုတ်ဝေသူ မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်လေးတို့က တက်ရောက်လာသူများရှေ့မှောက်တွင် နှစ်ဖက်နားလည်မှုစာချွန်လွှာ (MoU) ကိုလက်မှတ်ရေးထိုးကြသည်။

ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်းသည် ၂၀၂၀ ပြည့်နှစ်မှစတင်ထုတ်ဝေခဲ့ပြီး Application တစ်ခုကိုလည်း ဆောင်ရွက်ထားပြီး မြဝတီရုပ်မြင်သံကြားတွင်လည်း “ဆွေမျိုးပေါက်ဖော်မှ ရသအစုံစုံ သုတအဖုံဖုံ” အစီအစဉ်ကိုလည်း ထုတ်လွှင့်လျက်ရှိကြောင်း သိရသည်။

မြဝတီ




၂၈-၅-၂၀၂၆

## ထူးခြားသည့်နေ့အပူချိန်များ

| | | | | |
|---|---|---|---|---|
| ရေဦး | ၃၈ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| မင်းဘူး | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဂန့်ဂေါ | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မင်းကင်း | ၃၇ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၇ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ဟုမ္မလင်း | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၃၇ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# President of the Republic of the Union of Myanmar H.E. U Min Aung Hlaing to make official visit to India

At the invitation of Prime Minister of the Republic of India His Excellency Shri Narendra Modi, President of the Republic of the Union of Myanmar His Excellency U Min Aung Hlaing will pay an official visit to the Republic of India in the near future.

During the visit, the President of Myanmar will meet with the President of India and hold bilateral talks with the Prime Minister. Additionally, the President will receive Cabinet Ministers, Governors and representatives from business organizations. Furthermore, the itinerary includes visits to prominent infrastructure facilities. The President will engage in a cordial and open exchange of views to foster multifaceted cooperation across the economic, religious, cultural, and social sectors, thereby strengthening ties between the governments and peoples of the two countries.

The President will be accompanied by Union Ministers and officials during this visit.

**Ministry of Foreign Affairs**
**Nay Pyi Taw**
**Dated: 28 May 2026**





# Vice President U Nyo Saw receives delegation led by Deputy Chairman of National Bank of Republic of Belarus H.E. Mr. Alexander EGOROV



NAY PYI TAW May 28

Vice President of the Republic of the Union of Myanmar U Nyo Saw received a delegation led by Deputy Chairman of the National Bank of the Republic of Belarus H.E. Mr. Alexander EGOROV at the parlour of the President Office in Nay Pyi Taw this morning.

Consolidating diplomatic relations and friendship between Myanmar and Belarus, signing of an MOU on cooperation between the central banks of the two countries and collaboration in banking services that will contribute to trade and investment between the two countries were frankly discussed during the meeting.

Vice President U Nyo Saw receives delegation led by Deputy Chairman of National Bank of Republic of Belarus H.E. Mr. Alexander EGOROV.

Also present together with Vice President U Nyo Saw were Deputy Minister U Khin Latt, Deputy Governor of the Central Bank of Myanmar U Zaw Myint Naing and officials and the vice chairman of the National Bank of the Republic of Belarus was accompanied by Ambassador of the Republic of Belarus to Myanmar H.E. Mr. Uladzimir BARAVIKOU and officials.

**Myawady**

■■ **From Page - 21**

enhance their knowledge and capabilities.

Regarding moral conduct, it is necessary to follow the **"Four Appropriateness"** as consistently instructed by the Head of State. The **"Four Appropriateness"** means going only to appropriate places, speaking only appropriate words, doing only appropriate actions, and associating only with appropriate people.

He stated that they need to live in accordance with the 16 characteristics of leadership to become fine sons of the nation upon whom the State and the Tatmadaw can rely, and command and lead the troops with true qualities of good leaders. Regarding self-discipline, he mentioned that just as it is necessary to maintain discipline and order among subordinate officers and soldiers, it is also necessary to govern them with empathy and set an exemplary example. He noted that although everyone has the chance to be number one, not everyone can become number one; however, if one strives with diligence and perseverance, one will succeed, so it is necessary to try without giving up. He added that in carrying out their individual target duties, if they operate with conscientiousness and mindfulness, they will be able to succeed in their endeavors.

Afterwards, General Kyaw Swa Lin and party cordially greeted the trainees in attendance.

Following the meeting, General Kyaw Swa Lin and party inspected the trainee dormitories within the school compound, gave instructions to ensure cleanliness and order, proper maintenance, and prevention of damage and losses, and coordinated with responsible officials to fulfill necessary requirements.

In addition, General Kyaw Swa Lin and party arrived at the three-storey lecture hall and briefing hall at the Tatmadaw (Army) Combat Training School (Bahtoo), where the commandants and deputy commandants from the Tatmadaw (Army) Combat Training School (Bahtoo), the Tatmadaw (Army) Officer Training School (Bahtoo), and the Tatmadaw (Army) Warrant Officer and Non-Commissioned Officer Training School explained training and education matters and the four major tasks of military building. Regarding the explanations, the General stated that Bahtoo is a historically unique military town where major training schools are based, and since the primary responsibility is to provide training and education, it is necessary to train thoroughly and practically. He added that instructors need to put goodwill into teaching military knowledge and skills and ensure trainees achieve mastery, teaching them to become as knowledgeable and proficient as themselves, and he then asked necessary questions and coordinated with responsible officials to fulfill requirements, according to reports. **100**

# Three more illegally constructed four-storey residential buildings used for online gambling and scam operations within Shwe Kokko area systematically demolished

NAY PYI TAW May 28

The government, in coordination with joint departmental teams, has been taking action to eliminate online gambling and scam operations within the Shwe Kokko area and KK Park area where such illicit activities were most concentrated by clearing out illegal buildings, systematically destroying seized equipment used in these operations, and permanently demolishing illegal structures to prevent further online fraud and gambling crimes. Today, three illegally constructed four-storey residential buildings within the Shwe Kokko area were systematically demolished.

Out of 77 buildings used for online gambling and scam operations in the Shwe Kokko zone, it was reported that 57 buildings are designated for demolition using machinery, while 20 buildings are to be destroyed by explosives, with systematic demolition being carried out according to building type.

An illegal building used for online gambling operations, destroyed by machinery, in Shwe Kokko region, Myawady District, Kayin State.



Before demolition



After demolition

An illegal building used for online gambling operations, destroyed by machinery, in Shwe Kokko region, Myawady District, Kayin State.



Before demolition



After demolition

Today, three of the 57 buildings designated for mechanical demolition—specifically, three four-storey residential buildings—were systematically demolished using vehicles and machinery. To date, a total of 12 buildings have been destroyed, and the remaining 65 illegal buildings will continue to be systematically demolished.

The government, regarding the fight against online gambling and scam operations which pose a danger to the international community and the entire world as a national duty, has been actively working both with domestic forces and in coordination with neighbouring governments to ensure that such operations cannot establish a foothold in Myanmar.

**100**

# Perpetrators of online gambling and scam operations arrested with equipment in Swamsaw Quarter, Muse

NAY PYI TAW May 28

The Myanmar government has been conducting investigations and crackdowns through joint teams comprising departmental officials across regions and states to ensure that online gambling and scam operations, which pose a danger to the entire world, cannot establish any foothold in Myanmar. This evening, in Swamsaw Quarter, Muse, Northern Shan State, 28 individuals, including foreign nationals and Myanmar citizens who were engaged in online gambling and scam operations were arrested along with the equipment used in their activities.

Acting on intelligence that online gambling and scam operations were being conducted in Muse Township, security joint teams raided a house in Swamsaw Quarter, Muse, at approximately 3:30 pm today. During the raid, they arrested four illegal Chinese nationals (male), one illegal Chinese national (female), three Myanmar citizens (male), and 20 Myanmar citizens (female)—a total of 7 males and 21 females—along with items used in online gambling and scams, including: 96 various phones, 35 all-in-one computers, one laptop, one large power station, one small power station, three WiFi devices, and five battery-powered motorcycles.



Equipment and materials used for the online fraud and gambling operation, seized during the arrests in Swamsaw Ward, Muse Town.



Four Chinese male citizens and one Chinese female citizen who were engaged in online fraud and gambling in Swamsaw Ward, Muse Town, arrested.

It has been reported that after necessary investigations are completed, the illegal foreign nationals and those involved in these offenses will be effectively and severely prosecuted in accordance with existing laws.

The government continues to actively cooperate with neighbouring countries, regional nations, and international organizations to eradicate online gambling and scam operations and to prevent them from being able to operate within Myanmar.

**100**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Russia, Kazakhstan sign 15 agreements during Putin's visit to Astana



ASTANA May 28

Russia and Kazakhstan have signed 15 documents during Russian President Vladimir Putin's state visit to Astana, a Sputnik correspondent reported on Thursday.

Putin arrived for a state visit in Kazakhstan on Wednesday. Following the official meeting ceremony, Putin and Kazakh President Kassym-Jomart Tokayev held bilateral talks, after which a document-signing ceremony took place.

The documents signed include a currency swap agreement and a memorandum on combating fraudulent transactions signed by the Bank of Russia and the National Bank of Kazakhstan.

Moreover, transport authorities have signed an action plan for the digitalization of the transport sector. Russian consumer watchdog Rospotrebnadzor and Kazakhstan's Health Ministry signed a cooperation roadmap. The sides also adopted a plan for interagency cooperation in nuclear and radiation safety regulation for 2026-2030.

Putin and Tokayev also signed a joint statement outlining seven principles of friendship and good-neighborly relations between the peoples of Russia and Kazakhstan.

"The first principle is the shared history and a responsible approach to its objective interpretation in the spirit of friendship and good neighborliness. In the modern era, the importance of a careful approach to historical memory, its objective understanding, and its use to strengthen friendly relations between the peoples of Russia and Kazakhstan is increasing," the statement read.

Russia and Kazakhstan emphasized the importance of continuing efforts to develop common markets within the Eurasian Economic Union (EAEU), including the free movement of capital and labor, according to the joint statement. They highlighted the bloc's growing authority and said its effective functioning contributes positively to citizens' well-being.

Moscow and Astana also recognized the key role of the Collective Security Treaty Organization (CSTO) in ensuring regional stability and stressed the need to further strengthen its potential, including during Russia's current presidency, the statement read.

**Sputnik**

# Australia extends quarantine for 6 cruise passengers linked to hantavirus outbreak

CANBERRA May 28

Six cruise ship passengers in Western Australia have had their quarantine extended to late June after new hantavirus cases were reported among people linked to the same voyage, authorities said on Thursday.

The six passengers -- four Australian citizens, one permanent resident and one New Zealand national -- have been in quarantine at a national facility near Perth, state capital of Western Australia, since May 15.

Their isolation period will now run until June 23, covering the full 42-day incubation window for the virus, Health Minister Mark Butler told a press conference.

The decision followed confirmation of two additional hantavirus infections overseas involving a crew member and a passenger from the MV Hondius cruise ship, bringing the total number of cases tied to the vessel to 13, Butler said.

All six individuals in Australia have tested negative and remain asymptomatic, Butler said, but authorities are acting on advice from public health experts and the World Health Organization that the risk of delayed onset has not been eliminated, the minister said.

Hantavirus is a rare but potentially serious disease typically transmitted through contact with infected rodents. Human-to-human transmission is uncommon, depending on the strain.

Australian officials said the extended quarantine was a precautionary measure to minimize any potential public health risk.

**Xinhua**

# Iran's IRGC says 26 ships crossed Hormuz Strait in past 24 hrs, warns against unauthorized passage



TEHRAN May 28

Iran's Islamic Revolution Guard Corps (IRGC) said on Thursday that 26 ships crossed the Strait of Hormuz over the past 24 hours after obtaining permission and coordinating with its Navy.

In a statement on its official news outlet Sepah News, the IRGC said that the previous night, several ships attempted to enter the Gulf without authorization by tampering with and disabling their navigation systems. Its naval forces stopped two of them and forced the rest to return after radio warnings.

It said that in violation of the April 8 ceasefire, the U.S. "terrorist" army launched missiles at empty areas of an airport in Iran's southern port city of Bandar Abbas, causing no casualties or damage. In response, the IRGC struck the U.S. base from which the attack originated and warned of a "harsh" response if repeated.

The IRGC said it is exercising smart control over the Strait of Hormuz with full power, and the 26 vessels, including oil tankers and commercial ships, transited via the Iran-designated safe route.

It stressed that only its Navy is authorized to manage the strategic waterway, and any disruption will be met with its decisive response.

**Xinhua**

# Russia's Rosatom aims to begin building nuclear power plant in Kazakhstan within decade - CEO

ASTANA May 28

Russian state nuclear corporation Rosatom will try to begin the construction of a nuclear power plant in Kazakhstan within this decade, CEO Alexey Likhachev said on Thursday.

"We will try to do this within the current decade," Likhachev told reporters when asked about the timeline for pouring the first concrete for an nuclear power plant in Kazakhstan.

The intergovernmental agreement between Russia and Kazakhstan on the construction of a nuclear power plant outlines the key areas of cooperation during the work, including maintenance and nuclear fuel supply, Rosatom said in a statement.

The agreement on the fundamental principles and terms of cooperation for the construction of a nuclear power plant in Kazakhstan was signed on Thursday during Russian President Vladimir Putin's state visit to Astana.

On June 14, 2025, Kazakhstan's Atomic Energy Agency said that Rosatom would lead an international consortium to build the country's first nuclear power plant.

**Sputnik**

# 5 killed, 22 injured in truck overturn on N. Philippines mountain road

MANILA May 28

Five people were killed and 22 others injured after a six-wheeler truck carrying 39 passengers overturned on a mountain road in Kabayan town in Benguet province, northern Philippines, on Thursday morning, said local authorities.

The Kabayan Municipal Disaster Risk Reduction and Management Office said it received a report at around 10 a.m. local time, and that the accident was due to a mechanical failure.

According to an initial investigation, five deaths were confirmed, including two boys aged 3 and 11. Ten passengers sustained critical injuries such as head trauma and bone fractures, and 12, including the truck driver, were slightly injured.

**Xinhua**

# Speaker of Pyithu Hluttaw U Khin Yi receives delegation led by Ms. Gwyn Lewis, Head of UN agencies



Speaker of Pyithu Hluttaw U Khin Yi receives delegation led by Ms. Gwyn Lewis, Head of UN agencies.

NAY PYI TAW May 28

Speaker of Pyithu Hluttaw U Khin Yi received Ms. Gwyn Lewis, Head of UN agencies in Myanmar and United Nations Resident Coordinator/Temporary Humanitarian Coordinator at the Pyithu Hluttaw Reception Hall, Hluttaw building, Nay Pyi Taw at 10 am today.

At the meeting, the Speaker of the Pyithu Hluttaw said that Myanmar regained independence in 1948 and became a UN member state in the same year. Myanmar has faced 78 years of internal armed strife throughout its history. Dissatisfaction surfaced in the country following allegations of vote rigging in the 2020 election. This led to unrest during which many public lives and properties were lost. The country also suffered major natural disasters—including Cyclone Mocha, Typhoon Yagi, and the Mandalay earthquake—over the past five years. Amidst this tough situation, the country successfully held a three-phase election in 2025.

Now, the legislative, executive, and judicial pillars are run by public representatives chosen in that election. The main function of the Pyithu Hluttaw is lawmaking. The government is serving the public interest with all its might after adopting a 100-day project. The main goal of lawmaking is to allow people to enjoy a peaceful atmosphere under the protection of the law. The parliament does this by amending existing laws to fit current conditions, making additions, and passing new laws.

The government has been exposing and stopping online scams without interruption. It is also joining hands with neighbours and regional countries to do so. An anti-online scam bill is complete, and priority will be given to turning this bill into law. The Hluttaw is working with the government to meet public needs. Representing the people, members of parliament share the public's hardships and desires with the government. In this way, they serve as a bridge between the state and the citizens. "Excellency, you can cooperate with us on humanitarian aid, national development, and rehabilitation programs," the Speaker noted.


In her discussions, the UN coordinator said that arrangements are underway to set up a safe humanitarian aid channel for temporarily displaced persons. She promised cooperation in rebuilding towns and villages devastated by natural disasters. Health and education assistance will reach the regions through UN support for anti-drug operations. The UN will also help farmers grow coffee as a substitute crop for opium and assist with marketing it.

Myanmar has received international recognition for its effective anti-online scam and antidrug operations. Every effort will be made to promote relations with Myanmar. The UN will also cooperate in clearing landmines so temporarily displaced persons can return home. UN agencies will lend a helping hand to meet Myanmar's needs and support its development projects.

Also present were Deputy Speaker of Pyithu Hluttaw U Maung Maung Ohn and offices of the Office of Pyithu Hluttaw.

**Myawady**

# Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin meets trainees and instructors of infantry platoon commander, company commander and commanding officer courses in Bahtoo Station



Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin meets trainees and instructors of infantry platoon commander, company commander and commanding officer courses in Bahtoo Station.

NAY PYI TAW May 28

As peace and stability of the State is important to protect the Our Three Main National Causes, which represent the country's national interests and to build a Union system based on democracy and a federal system, it is required to train and enhance the capabilities of each Tatmadaw member in order to build a strong, firm, and highly capable Tatmadaw, said Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin at the meeting with trainees and instructors of infantry platoon commander, company commander and commanding officer courses in Bahtoo Station this afternoon.

Also present at the meeting were senior military officers from the Office of the Commander-in-Chief, the commander of Eastern Command, trainees and instructors of infantry platoon commander, company commander and commanding officer courses in Bahtoo Station.

Speaking on the occasion, the General said that he is pleased and proud to meet the trainees who have come to attend the course, and that they have bravely and diligently carried out operational duties on the frontlines, dedicating their lives and bodies to the service of military operations.

Myanmar is located at a geopolitical pivot, situated between two major powers with different political systems. Historically, various national groups coexisted peacefully under own monarch. However, during the period of unjust colonial invasion and occupation by the powerful colonialist British, the country lost its independence, which was later regained through the joint struggle of the people and the patriotic Tatmadaw. Subsequently, foreign aggression—encouraged by major Western powers—also had to be resisted through the combined efforts of the Tatmadaw and the people. Given this historical background and geopolitical position, it is necessary to firmly follow a genuine, disciplined, multiparty democratic system that reflects the will of the people and is suitable for the country. It is also essential to build a Union based on democracy and a federal system. To achieve this, national stability and peace are indispensable. Therefore, each member should strive to enhance their capabilities so as to develop a strong and fully capable military.

Therefore, in order to become capable Tatmadaw members, they must be able to skillfully apply the military knowledge they have acquired and develop into physically fit and capable personnel. In line with the motto **"Study, Practise, and Comply,"** they must continuously study modern and evolving military equipment and military techniques so that they can effectively utilize them. It is necessary to apply the military knowledge they have learned effectively on the battlefield, to integrate each individual's combat capability in a balanced manner, and to enhance the collective combat effectiveness of the unit. Military officers are required to remain loyal to the State and the Tatmadaw. In addition, they must study and learn the history of the country and the Tatmadaw. Tatmadaw members must continuously train to remain always ready for combat, without distinction between infantry and other corps. They must also continuously engage in reading and studying knowledge that is beneficial for them. Continuous study and reading will support the proper and effective performance of duties, and they must also apply and share what they have learned in real battlefield situations. Through continuous study, reading, memorization, discussion, and practical application, they must strengthen and further

See Page - 18

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ၄ ထပ်လူနေအဆောက်အအုံ ၃ လုံးအား စနစ်တကျ ထပ်မံဖြိုချဖျက်ဆီး

နေပြည်တော် မေ ၂၈

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အများဆုံးအခြေချလုပ်ကိုင်ခဲ့ကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိစေရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဝင်ရောက်ရှင်းလင်း၍ လုပ်ငန်းလုပ်ဆောင်ရာတွင်အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းနှင့် တရားမဝင်အဆောက်အအုံများအားအသုံးပြု၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံကျူးလွန်ခြင်းမပြုနိုင်စေရေးတို့အတွက် အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကျူးလွန်ရာတွင် အသုံးပြုသည့်အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့်အဆောက်အအုံ ၂၀ လုံးဖြင့် အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်၍ စနစ်တကျ ဖြိုချဖျက်ဆီးခြင်းဖြစ်ကြောင်း သိရှိရသည်။

ယနေ့တွင် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့်အဆောက်အအုံ ၅၇ လုံးအနက်၄ ထပ်လူနေအဆောက်အအုံ ၃ လုံးကို ယာဉ်၊ ယန္တရားများအသုံးပြု၍ စနစ်တကျထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်းအဆောက်အအုံ

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်ဒေသရှိ အွန်လိုင်းလောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု။










ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်၄ ထပ်လူနေ အဆောက်အအုံ ၃ လုံးအား ထပ်မံ၍ စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။ ၁၂ လုံးအား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ၆၅လုံးကိုလည်းဆက်လက်၍စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# တပ်မတော်သားမိသားစုဝင်များအတွက် စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပပြုလုပ်




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက သင်တန်းသူများအတွက် သင်တန်းသုံးအထောက်အကူပြုပစ္စည်းများပေးအပ်စဉ်။

နေပြည်တော် မေ ၂၈

ရှမ်းပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်သည့် စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ၌ ကျင်းပပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းသူများ၊ သင်တန်းနည်းပြများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သင်တန်းသူများအတွက် သင်တန်းသုံးအထောက်အကူပြုပစ္စည်းများ ပေးအပ်ရာ သင်တန်းသူများက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက သင်တန်းသုံး အထောက်အကူပြုပစ္စည်းများအား လိုက်လံကြည့်ရှုကြသည်။

အဆိုပါသင်တန်းအား တပ်မတော်သားမိသားစုဝင်သင်တန်းသူ ၂၀ ဦးဖြင့် ဇူလိုင်လ ၁၁ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# အောင်လံမြို့နယ်၌ တောင်သူများအား သီးနှံမျိုးစေ့များနှင့် ချည်မျှင်ရှည်ဝါမျိုးစေ့များပေးအပ်

အောင်လံ မေ ၂၈

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် တောင်သူပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ တောင်သူများအား သီးနှံမျိုးစေ့များနှင့် ချည်မျှင်ရှည်ဝါမျိုးစေ့များပေးအပ်ပွဲကို မေလ ၂၇ ရက်က ကျင်းပသည်။

ရှေးဦးစွာ အောင်လံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကားပြောကြားပြီး အောင်လံမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းလှအောင်က မျိုးကောင်းမျိုးသန့်များပေးအပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများကိုပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက အောင်လံမြို့နယ်ရှိ ကျေးရွာအုပ်စု ၂၈ အုပ်စုမှ တောင်သူ ၈၃၅ ဦးအတွက် ဝါမျိုးစေ့ Fuzzy Seed ပိဿာ ၄၆၀၀၊ Delinted Seed ၄၃၄ ကီလိုဂရမ်နှင့် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ဆီထွက်မုန်ညင်း စသည့် သီးနှံမျိုးစေ့ ၇၂ တင်းတို့ကို အသီးသီးပေးအပ်သည်။ အောင်လံမြို့နယ်၌ ယခုမိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံ ၃၂၉၆၅ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ပြီး ဝါ ၃၄၃၃၇ ဧက စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။

ထို့ပြင် အောင်လံမြို့နယ်အတွင်း ရက် ၁၀၀ စီမံချက်အရ စံပြကွက်၊ စမ်းသပ်ကွက် ၁၁၅ ဧကစိုက်ပျိုးမည့် တောင်သူများအတွက်လည်း သီးနှံမျိုးစေ့များနှင့် မြေဩဇာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)

# လက်ဘနွန်၌ အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် အနည်းဆုံး လူ ၁၇ ဦးသေဆုံး

**ဘေရွတ်၊ စစ်ရေး**

လက်ဘနွန်နိုင်ငံ တောင်ပိုင်းနှင့်အရှေ့ပိုင်းတို့တွင် အစ္စရေးကတိုက်ခိုက်မှုများ လုပ်ဆောင်ခြင်းကြောင့် အနည်းဆုံး လူ ၁၇ ဦးသေဆုံးပြီး များစွာဒဏ်ရာရရှိသည်ဟု လက်ဘနွန်ကျန်းမာရေးတာဝန်ရှိသူများနှင့် သတင်းဌာနများက မေလ ၂၈ ရက်တွင်ထုတ်ပြန်ထားသည်။

အစ္စရေးသည် မေလ ၂၇ ရက် ညပိုင်းကတည်းက လက်ဘနွန်နိုင်ငံတောင်ပိုင်းနှင့် အရှေ့ပိုင်းတို့ရှိနေရာတစ်ဝန်းတွင် ဒရုန်းများဖြင့်တိုက်ခိုက်မှုများလုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ ထိုတိုက်ခိုက်မှုများကြောင့် သေဆုံးရသူများတွင် ဘေးကင်းရာသို့ရွှေ့ပြောင်းနေသည့် အရပ်သားများလည်းပါဝင်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ ထို့နောက် ဟစ်ဇဘိုလာတပ်ဖွဲ့များကလည်း အစ္စရေးစစ်သည်များကိုပစ်မှတ်ထားတိုက်ခိုက်မှုများလုပ်ဆောင်သည်ဟု သိရသည်။ Ref: Xinhua

# အမေရိကန်နှင့်အီရန်တို့က လေကြောင်းတိုက်ခိုက်မှုများ အပြန်အလှန်လုပ်ဆောင်



**ဝါရှင်တန်၊ စစ်ရေး**

အမေရိကန်နှင့်အီရန်တို့က ဟော်မုဇရေလက်ကြားနှင့်ပတ်သက်၍ အလျော့အတင်းရှိသည့် သဘောတူညီချက်ကိုရရှိပြီဟူသော သတင်းကို အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကကြေငြာဆိုပြီး ဟော်မုဇရေလက်ကြားအနီးရှိ အီရန်၏ဒရုန်းစခန်းတစ်ခုကို လေကြောင်းမှတိုက်ခိုက်ပြီးနောက် အီရန်ကလည်း မေလ ၂၈ ရက်တွင် ကူဝိတ်နိုင်ငံရှိ အမေရိကန်လေတပ်စခန်းကို ပစ်မှတ်ထားတိုက်ခိုက်မှုလုပ်ကြောင်းသိရသည်။

ထိုသို့အပြန်အလှန်လေကြောင်းတိုက်ခိုက်မှုများသည် အကန့်အသတ်ဖြင့် လုပ်ဆောင်ခြင်းဖြစ်သော်လည်း လက်ရှိဆွေးနွေးနေသည့် ဟော်မုဇရေလက်ကြားပြန်ဖွင့်ရေးနှင့် သုံးလကြာစစ်ပွဲအဆုံးသတ်ရေးအတွက်သဘောတူညီချက်ဖြစ်ပေါ်လာစေနိုင်သောအပစ်အခတ်ရပ်စဲရေးကိုထိခိုက်နေပြီဖြစ်သည်။

အဆိုပါတိုက်ခိုက်မှုတွင် အမေရိကန်က အီရန်၏ဒရုန်းငါးစင်းကိုပစ်ချနိုင်ကာ မြေပြင်ထိန်းချုပ်ရေးစခန်းကိုလည်း တိုက်ခိုက်နိုင်ခဲ့ကြောင်း အမေရိကန်၏အလယ်ပိုင်းဒေသစစ်ဌာနချုပ်ကထုတ်ပြန်ထားသည်။

ထို့နောက် ကူဝိတ်တပ်ဖွဲ့များက နိုင်ငံသို့ဝင်ရောက်လာသည့် အမြင့်ပျံဒုံးကျည်တစ်စင်းကို ကြားဖြတ်ပစ်ချလိုက်နိုင်သည်ဟုဆိုသည်။

ကူဝိတ်နိုင်ငံအတွင်းရှိ အမေရိကန်၏စစ်စခန်းအပေါ်တိုက်ခိုက်မှုကို အီရန်၏အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့ကလုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ နောင်တွင် အီရန်အပေါ် အလားတူတိုက်ခိုက်မှုမျိုးလုပ်ပါက ပိုမိုတိကျမှုရှိသည့်လက်တုံ့ပြန်မှုဖြင့်တုံ့ပြန်သွားမည်ဖြစ်ကြောင်း အီရန်ဘက်ကပြောထားသည်။ Ref: ST

# ထိုင်ဝမ်ကျွန်းအနီး တရုတ်လေတပ်၏ လုပ်ငန်းများကို ကြားဝင်စွက်ဖက်ခြင်းမပြုရန် တရုတ်(တိုင်ပေ)ကိုသတိပေး

**ပေကျင်း၊ စစ်ရေး**

ထိုင်ဝမ်ကျွန်းအနီး၌လုပ်ဆောင်လျက်ရှိသော တရုတ်လေတပ်၏လုပ်ငန်းများကို ကြားဝင်စွက်ဖက်ခြင်းမပြုရန် တရုတ်ကာကွယ်ရေးဝန်ကြီးဌာနကတရုတ်(တိုင်ပေ)ကို မေလ ၂၈ ရက်တွင်သတိပေးကြောင်း သိရသည်။ မကြာသေးမီက ထိုင်ဝမ်ကျွန်းအနီး၌လုပ်ဆောင်သော တရုတ်လေတပ်၏စစ်ရေးလေ့ကျင့်မှုများနှင့်ပတ်သက်၍ တရုတ်(တိုင်ပေ)ကကန့်ကွက်မှုများပြုလုပ်ပြီးနောက်တရုတ်အစိုးရက ယခုကဲ့သို့သတိပေးခြင်းဖြစ်သည်။

ထိုင်ဝမ်ကျွန်းသည် တရုတ်နိုင်ငံ၏ပိုင်နက်ဖြစ်ကြောင်း၊ ထို့ကြောင့်ထိုင်ဝမ်ကျွန်းဝေဟင်သည်လည်း တရုတ်နိုင်ငံပိုင်နက်ဖြစ်ကြောင်း၊ လေတပ်မှလေယာဉ်များမှာ ကိုယ့်ဝေဟင်ပိုင်နက်အတွင်းစစ်ရေးလှုပ်ရှားမှုများလုပ်ဆောင်ခြင်းဖြစ်ကြောင်းနှင့် ထိုင်ဝမ်ကျွန်းရှိတပ်ဖွဲ့များအနေဖြင့် ရန်စမှုနှင့်ကြားဝင်စွက်ဖက်မှုမလုပ်ရန်သတိထားသင့်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူကျူးပင်ကပြောသည်ဟုသိရသည်။ Ref: ST

# ICC က နိုင်ငံရေးခြိမ်းခြောက်မှုလက်နက် တစ်ခုထက်မပိုဟု ကျွမ်းကျင်သူပြော

**မော်စကို၊ တရားရေး**

နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး ICC သည် စံနှုန်းနှစ်မျိုးကိုကျင့်သုံးလျက်ရှိသောကြောင့် နိုင်ငံရေးခြိမ်းခြောက်မှုလက်နက်တစ်ခုထက်မပိုကြောင်း ပါလက်စတိုင်းမှ နိုင်ငံတကာဥပဒေရေးရာကျွမ်းကျင်သူတစ်ဦးက Sputnik သတင်းဌာနသို့ပြောသည်။

ICC အနေဖြင့် စံနှုန်းနှစ်မျိုးအသုံးပြုနေသောကြောင့် အချို့သောနိုင်ငံများကဖိအားပေးခံနေရချိန်တွင် အချို့သောနိုင်ငံများမှာမူ မည်သည့်တာဝန်ခံမှုမျှရှိရန်မလိုဘဲလွတ်မြောက်နေကြောင်း၊ အထူးသဖြင့် အမေရိကန်၊ အစ္စရေးနှင့် ဥရောပနိုင်ငံအချို့သည် ICC ၏စီရင်နိုင်မှုအောက်တွင်မရှိကြောင်း နိုင်ငံတကာဥပဒေရေးရာကျွမ်းကျင်သူဖြစ်သည့် ဆာလာအပ်အယ်အဒီကပြောခြင်းဖြစ်သည်။

ထို့ပြင် ICC ၏အခြေအနေမှန်ကို ယခုဖြစ်ပွားနေသော ပါလက်စတိုင်းအရေးတွင်မြင်တွေ့နိုင်ကြောင်း၊ တရားစီရင်ရေးစံနှုန်းများမည်မျှပင်ရှိစေကာမူ ထိုစံနှုန်းများထဲတွင် ပါလက်စတိုင်းဒေသခံများအတွက် ပါဝင်ခြင်းမရှိကြောင်းနှင့် အချို့အခြေအနေများတွင် ICC သည် အာဖရိကနိုင်ငံများကို ခြိမ်းခြောက်ရန် လက်နက်တစ်ခုအဖြစ်ရှိကြောင်း ၎င်းကပြောသည်။ Ref: Sputnik

# အယ်နီညိုကြောင့် လာမည့်မုန်တိုင်းများသည် အလွန်အားကောင်းသောမုန်တိုင်းများဖြစ်မည်ဟုဆို



**ဟောင်ကောင်၊ ရာသီဥတု**

အယ်နီညိုရာသီဥတုဖြစ်စဉ်ရှိနေသည့်အတွက် မကြာမီတိုက်ခတ်လာနိုင်သောမုန်တိုင်းများသည် သာမန်မုန်တိုင်းများမှ အလွန်အားကောင်းသောမုန်တိုင်းများသို့ ပြောင်းလဲသွားမည်ဖြစ်ကြောင်း ဟောင်ကောင်မိုးလေဝသဌာနက မေလ ၂၈ ရက်တွင်ထုတ်ပြန်ထားသည်။

အထူးသဖြင့် ဟောင်ကောင်သို့တိုက်ခတ်လာမည့်မုန်တိုင်းလေးလုံးမှ ခုနစ်လုံးအထိသည် အလွန်အားကောင်းသောတိုင်ဖွန်းမုန်တိုင်းများဖြစ်မည်ဖြစ်ကြောင်းနှင့် လက်ရှိဟောင်ကောင်ဒေသ၌အပူချိန်သည် ၃၃ ဒသမ ၄ ဒီဂရီစင်တီဂရိတ်မှ မေလ ၂၉ ရက်တွင် ၃၅ ဒီဂရီစင်တီဂရိတ်အထိမြင့်တက်လာနိုင်ကြောင်း မိုးလေဝသဌာနကခန့်မှန်းထားခြင်းဖြစ်သည်။

ထို့ပြင် အယ်နီညိုရာသီဥတုဖြစ်စဉ်နှင့် ကမ္ဘာကြီးပူနွေးမှုတို့ကြောင့် ဟောင်ကောင်ဒေသသည် ယခုနှစ်တွင်ယမန်နှစ်များထက် အပူချိန်ပိုမည်ဖြစ်ကြောင်း၊ ရာသီဥတုအပူဆုံး ၁၀ နှစ်တွင် တစ်နှစ်အဖြစ်စာရင်းဝင်သွားနိုင်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အယ်နီညိုရာသီဥတုဖြစ်စဉ်ဆိုသည်မှာ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ အလယ်ပိုင်းနှင့်အရှေ့ပိုင်းတို့ရှိ သမုဒ္ဒရာရေပြင်ပူနွေးလာခြင်းဖြစ်သည်။ ထိုအခြေအနေကြောင့် မုန်တိုင်းသည် ပင်လယ်ပြင်တွင်ပိုမိုရှည်ကြာစွာတည်ရှိပြီး အားကောင်းသောမုန်တိုင်းအဖြစ်သို့ပြောင်းလဲလာစေခြင်းဖြစ်ကြောင်း သိရသည်။ Ref: SCMP

# ထိန်းသိမ်းခံထားရသောပိုင်ဆိုင်မှုများကို အပြည့်အဝပြန်လွှဲပေးရန် အီရန်တောင်းဆို

**တီဟီရန်၊ နိုင်ငံရေး**

ပြည်ပရှိထိန်းသိမ်းခံထားရသော အီရန်နိုင်ငံ၏ပိုင်ဆိုင်မှုများကို အကြောင်းပြချက်မရှိနှင့်အပြည့်အဝပြန်လွှဲပြောင်းပေးရန် ထိပ်တန်းတာဝန်ရှိသူတစ်ဦးကတောင်းဆိုထားသည်ဟု Tasnim သတင်းဌာနကဖော်ပြထားသည်။ အမေရိကန်ကထိန်းသိမ်းထားသော အီရန်နိုင်ငံ၏ပိုင်ဆိုင်မှုများကို ပြန်လွှဲပေးရန် တောင်းဆိုကြောင်းနှင့် ထိုသို့တောင်းဆိုခြင်းသည် အီရန်၏တရားဝင်အခွင့်အရေးဖြစ်ကြောင်း အီရန်အမျိုးသားလုံခြုံရေးကောင်စီ၏လက်ထောက်အတွင်းရေးမှူး အလီဘာဂါရီကာနီကပြောသည်။

အမေရိကန်အစိုးရထိန်းချုပ်ထားသည့် အီရန်နိုင်ငံ၏ပိုင်ဆိုင်မှုများမှာ အမေရိကန်ဒေါ်လာ ၂၄ ဘီလီယံအထိရှိကြောင်းနှင့် ထိုပိုင်ဆိုင်မှုများကိုပြန်လည်လွှဲပြောင်းပေးရန် အီရန်က စစ်ပွဲအဆုံးသတ်ရေးအတွက် အမေရိကန်နှင့်ဆွေးနွေးညှိနှိုင်းစဉ်တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း သတင်းဌာနကဆက်လက်ဖော်ပြထားသည်။

အမေရိကန်နှင့်အစ္စရေးတို့ပူးပေါင်း၍ အီရန်ကိုတိုက်ခိုက်မှုများလုပ်ဆောင်ပြီးနောက် ဧပြီလ ၈ ရက်တွင် အပစ်အခတ်ရပ်စဲရေးရရှိခဲ့ခြင်းဖြစ်သည်။ အပစ်အခတ်ရပ်စဲစဉ် ငြိမ်းချမ်းရေးအတွက်ဆွေးနွေးမှုများလုပ်ဆောင်နေသော်လည်း ယခုအချိန်အထိ သဘောတူညီချက်ရရှိခြင်းမရှိသေးကြောင်း သိရသည်။ Ref: Xinhua



# ယူအေအီးနဲ့အီရန်ကြား တိုက်ရိုက်စစ်ဖြစ်နိုင်ခြေ ပိုနီးလာနေပြီလား



၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နောက်ပိုင်းမှာ အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နဲ့ အီရန်တို့ကြားဆက်ဆံရေးက အရင်လိုသတိထားပြီး အဆင်ပြေအောင် ထိန်းညှိနေနေရတဲ့အဆင့်ကနေ ပိုမိုတင်းမာလာတဲ့ အခြေအနေအသစ်တစ်ခုထဲကို ဝင်ရောက်လာပါတယ်။ အရင်တုန်းက ယူအေအီးက “ဘယ်ဘက်ကိုမှဘက်မလိုက်ဘူး” ဆိုတဲ့မူဝါဒနဲ့ အမေရိကန်၊ အစ္စရေး၊ အီရန်တို့နဲ့ ဆက်ဆံရေးကို တစ်ပြေးညီထိန်းထားနိုင်ပေမယ့် အခုအချိန်မှာတော့ အဲဒီညီမျှမှုက လက်တွေ့မဖြစ်လာသလိုဖြစ်နေပါပြီ။ တရားဝင်အနေအထားအရကြည့်ရင် ယူအေအီးက သူတို့ဟာ အမေရိကန်နဲ့အစ္စရေးက အီရန်အပေါ် တိုက်ခိုက်နေတဲ့စစ်ပွဲမှာ မပါဘူးလို့ကြေညာထားပါတယ်။ ယူအေအီးရဲ့ နယ်မြေ၊ ဝေဟင်နဲ့ရေပြင်တွေကိုလည်း အီရန်ကိုတိုက်ခိုက်ဖို့ အသုံးမပြုစေဘူးလို့ အတည်ပြုပြောဆိုထားပါတယ်။ ဒါပေမဲ့ စစ်ပွဲရဲ့ ပကတိအခြေအနေတွေအရဆိုရင် အီရန်ဘက်က ဒီစကားတွေကို မယုံတော့ဘူးဆိုတာပြလာပါတယ်။

အီရန်ရဲ့အမြင်မှာ ယူအေအီးက အမေရိကန်ရဲ့ အရေးကြီးမိတ်ဖက်နိုင်ငံတစ်ခုဖြစ်သလို အစ္စရေးနဲ့ **Abraham Accords** သဘောတူညီချက်မှာ ပါဝင်တဲ့နိုင်ငံလည်းဖြစ်ပါတယ်။ ထို့ပြင် ပင်လယ်ကွေ့ဒေသထဲမှာ အနောက်နိုင်ငံတွေအတွက် ငွေကြေး၊ သယ်ယူပို့ဆောင်ရေးနဲ့ စီးပွားရေးဗဟိုချက်တစ်ခုလို ဖြစ်နေပါတယ်။ အဲဒါကြောင့် အီရန်ဟာ ယူအေအီးကို အီရန်ဆန့်ကျင်ရေးမဟာမိတ်ဖွဲ့စည်းမှုထဲ တဖြည်းဖြည်းပါဝင်လာနေတဲ့နိုင်ငံတစ်နိုင်ငံလိုမျိုးမြင်လာတာပါ။ အခုလိုဖြစ်လာရတဲ့အဓိကပြဿနာက **Abu Musa**၊ **Greater Tunb** နဲ့ **Lesser Tunb** ဆိုတဲ့ ကျွန်းသုံးကျွန်းကိစ္စပါပဲ။ ဒီကျွန်းတွေက ဟော်မုရေလက်ကြားအနီးမှာရှိပြီး ၁၉၇၁ ခုနှစ်မှာ အီရန်ကထိန်းချုပ်ခဲ့တာပါ။ အဲဒီအချိန်က ယူအေအီးကိုမတည်ထောင်ခင်ဖြစ်ပါတယ်။

ယူအေအီးဘက်က သူတို့ရဲ့ပိုင်နက်ဖြစ်တဲ့ ဒီကျွန်းတွေကို အီရန်ကသိမ်းပိုက်ထားတာလို့ယူဆနေပြီး ညှိနှိုင်းဆွေးနွေးဖို့ ဒါမှမဟုတ် နိုင်ငံတကာတရားရုံးကနေတစ်ဆင့်ဖြေရှင်းဖို့ တောင်းဆိုနေခဲ့ပါတယ်။ ဒါပေမဲ့ အီရန်အတွက်တော့ ဒီကိစ္စကပြီးဆုံးသွားပြီလို့သတ်မှတ်ထားပြီး ကျွန်းတွေဟာ သူတို့ပိုင်နက်အစိတ်အပိုင်းပဲလို့ ယုံကြည်ထားပါတယ်။ ယူအေအီးအတွက် ဒီကျွန်းသုံးကျွန်းဟာ သူတို့နိုင်ငံစတင်တည်ထောင်ချိန်ကတည်းက ရင်ထဲမှာစွဲကျန်နေတဲ့ အနာတစ်ခုလိုဖြစ်နေပါတယ်။ အိမ်နီးချင်းအင်အားကြီးနိုင်ငံတစ်ခုရှေ့မှာ သူတို့ရဲ့အားနည်းချက်ကို အမြဲတမ်းသတိပေးနေတဲ့ သင်္ကေတတစ်ခုလည်းဖြစ်ပါတယ်။ အခုအချိန်မှာ အဲဒီကျွန်းတွေကို စစ်ရေးနည်းလမ်းနဲ့ ပြန်ရယူနိုင်မလားဆိုတဲ့ပြောဆိုမှုတွေ ထွက်ပေါ်လာတာဟာ ယူအေအီး–အီရန်ဆက်ဆံရေးထဲက အပြစ်အနာအဆာအကြီးဆုံးနေရာကို ပြန်ထိလိုက်သလိုဖြစ်နေပါတယ်။

အမေရိကန်–အီရန်စစ်မဖြစ်ခင်က ယူအေအီးဟာ လူတိုင်းနဲ့အဆင်ပြေအောင်နေဖို့ ကြိုးစားခဲ့ပါတယ်။ အီရန်နဲ့ကုန်သွယ်ရေးဆက်လုပ်ဖို့လိုသလို လုံခြုံရေးအတွက် အမေရိကန်ကိုမှီခိုရပါတယ်။ နည်းပညာနဲ့ ကာကွယ်ရေးကဏ္ဍမှာ အစ္စရေးနဲ့ပူးပေါင်းဖို့လည်း လိုနေပါတယ်။ ဒါပေမဲ့ အများရှေ့မှာတော့ စစ်ထဲကို တိုက်ရိုက်မပါဝင်သလိုပုံစံ ထိန်းထားချင်ခဲ့ပါတယ်။ သို့သော်လည်း အမေရိကန်နဲ့အစ္စရေးက အီရန်ကို တိုက်ခိုက်ပြီးနောက်ပိုင်း အဲဒီညီမျှမှုက စတင်ယိုယွင်းပျက်စီးလာပါတယ်။ စစ်ပွဲအတွင်း အစ္စရေးအရာရှိတွေနဲ့ ယူအေအီးခေါင်းဆောင်ပိုင်းတို့ကြား လျှို့ဝှက်တွေ့ဆုံမှုတွေရှိခဲ့တယ်ဆိုတဲ့ သတင်းတွေထွက်လာပါတယ်။ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ယူအေအီးကိုလျှို့ဝှက်သွားရောက်ပြီး ယူအေအီးသမ္မတ မိုဟာမတ်ဘင်ဇာယတ်နဲ့တွေ့ဆုံခဲ့တယ်လို့ သတင်းဌာနများကဆိုပါတယ်။ ဒီလိုတွေ့ဆုံမှုဟာ စစ်ပွဲဖြစ်ပွားပြီး တင်းမာမှုတွေရှိနေဆဲအချိန်နောက်ပိုင်းမှာဖြစ်ခဲ့တယ်လို့လည်း ဖော်ပြထားပါတယ်၊

အစ္စရေးဘက်က ဒီခရီးစဉ်ကို အမှန်တကယ်ဖြစ်ခဲ့တယ်လို့သဘောထားပေမယ့် ယူအေအီးဘက်က လူသိရှင်ကြားငြင်းဆိုခဲ့ပါတယ်။ အဲဒီကွဲလွဲချက်ကပဲ ယူအေအီးရဲ့ “ဘက်မလိုက်” ပုံရိပ်ကိုထိခိုက်စေပြီး အီရန်အတွက် “ယူအေအီးဟာ လျှို့ဝှက်ပူးပေါင်းနေတယ်” လို့ စွပ်စွဲဖို့အကြောင်းပြချက်ထပ်ပေးလိုက်သလိုဖြစ်သွားပါတယ်။ ဒီထက်ပိုစိတ်ဝင်စားဖို့ကောင်းတာက အစ္စရေးထောက်လှမ်းရေးအဖွဲ့မော့ဆတ်ရဲ့ အကြီးအကဲ ဒေးဗစ်ဘားနီယာရဲ့ ယူအေအီးခရီးစဉ်သတင်းတွေပါပဲ။ ဘားနီယာဟာ စစ်ဖြစ်စဉ်ကာလအတွင်း ယူအေအီးကို အနည်းဆုံးနှစ်ကြိမ်သွားပြီး အီရန်နဲ့ပတ်သက်တဲ့ စစ်ရေးဆောင်ရွက်မှုတွေကို ညှိနှိုင်းခဲ့တယ်လို့ သတင်းဌာနတချို့ကဆိုပါတယ်။ စစ်ပွဲကာလအတွင်း လျှို့ဝှက်သံတမန်ဆက်သွယ်မှုဆိုတာ အပြည့်အစုံမသိနိုင်ပေမယ့် နိုင်ငံရေးအဓိပ္ပာယ်ကတော့ရှင်းပါတယ်။ ယူအေအီးက သူတို့အနေနဲ့ “ဘက်မလိုက်”လို့ပြောချိန် အစ္စရေးထောက်လှမ်းရေးအကြီးအကဲတွေ ဝင်ထွက်သွားလာနေတယ်ဆိုရင် အီရန်အတွက်တော့ ယူအေအီးဟာ အစ္စရေး–အမေရိကန်ပူးပေါင်းစနစ်ထဲဝင်နေပြီလို့ မြင်မှာပဲဖြစ်ပါတယ်။

ယူအေအီးဘက်က ဒီလိုဆက်ဆံရေးကို ကာကွယ်ရေးပူးပေါင်းမှု၊ သတင်းအချက်အလက်မျှဝေမှုအဖြစ် မြင်နိုင်ပါတယ်။ ဒါပေမဲ့ စစ်ဖြစ်နေတဲ့အချိန်မှာ ကိုယ့်ကိုယ်ကိုယ်ကာကွယ်ရေးနဲ့ စစ်ပွဲမှာပါဝင်မှုကြားကမျဉ်းဟာ ပျောက်သွားတတ်ပါတယ်။ **Axios** သတင်းဌာနရဲ့ဖော်ပြချက်အရဆိုရင် အစ္စရေးဟာ ယူအေအီးကို သံကွန်ချာလေကြောင်းရန်ကာကွယ်ရေးစနစ်နဲ့ အဲဒီစနစ်ကိုအသုံးပြုနိုင်တဲ့စစ်သည်တွေ ပို့ပေးခဲ့တယ်လို့ဆိုပါတယ်။ အစ္စရေးနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် မိုက်ဟက်ကာဘီးကလည်း ဒီအချက်ကိုအတည်ပြုခဲ့ပါတယ်။ ယူအေအီးအတွက် ဒါဟာ ဒုံးကျည်နဲ့ ဒရုန်းတိုက်ခိုက်မှုအန္တရာယ်ကြောင့် လိုအပ်တဲ့ကာကွယ်ရေးအဆင့်တစ်ခုလို့ ရှင်းပြနိုင်ပါတယ်။ ဒါပေမဲ့ အီရန်ရဲ့အမြင်မှာတော့ ယူအေအီးဟာ အစ္စရေးရဲ့စစ်ရေးအခြေခံအဆောက်အဦထဲ ပေါင်းစည်းလာနေတယ်လို့ပဲမြင်ပါတယ်။

နောက်ထပ်အရေးကြီးတဲ့အချက်တစ်ခုက ဘဏ္ဍာရေးကဏ္ဍပါပဲ။ ယူအေအီးဟာ အီရန်ရဲ့စီးပွားရေးလုပ်ငန်းရှင်တွေအတွက် ဘဏ္ဍာရေးဆိုင်ရာ အရေးကြီးတဲ့ပြင်ပဗဟိုချက်တစ်ခုအဖြစ် နှစ်ပေါင်းများစွာကြာအောင်တည်ရှိခဲ့တာပါ။ ကုန်သွယ်ရေးကုမ္ပဏီတွေ၊ ငွေလဲလှယ်ရေးလုပ်ငန်းတွေ၊ ကြားခံငွေကြေးစနစ်တွေကနေ အီရန်ဟာ ပိတ်ဆို့မှုတွေကိုတစ်စိတ်တစ်ပိုင်းရှောင်ရှားနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ စစ်ဖြစ်လာပြီးနောက် ယူအေအီးဘက်က အီရန်နဲ့ဆက်စပ်နေတဲ့ ငွေကြေးလမ်းကြောင်းတွေကိုပိတ်ပင်တာ၊ ပိုင်ဆိုင်မှုတွေကိုထိန်းချုပ်ထားတာမျိုး လုပ်နေတယ်ဆိုတဲ့သတင်းတွေထွက်လာခဲ့ပါတယ်။ အမေရိကန်ဘက်ကလည်း **Amin Exchange** ဆိုတဲ့ အီရန်ငွေလဲလုပ်ငန်းနဲ့ဆက်စပ်နေတဲ့ ကုမ္ပဏီကွန်ရက်တွေကို ပိတ်ဆို့မှုအသစ်ချမှတ်ခဲ့ပါတယ်။ အဲဒီထဲ ယူအေအီး၊ တူကီယဲ၊ တရုတ်နဲ့ ဟောင်ကောင်မှ ကုမ္ပဏီတွေပါပါဝင်တယ်လို့ဆိုပါတယ်။ အီရန်အတွက် ဒါဟာ စစ်မျက်နှာအသစ်တစ်ခုပဲဖြစ်ပါတယ်။ ယူအေအီးဘက်က “ဒါကပိတ်ဆို့မှုစည်းမျဉ်းလိုက်နာတာပါ” လို့ ပြောနိုင်ပေမယ့် စစ်ဖြစ်နေချိန် အဲဒီလုပ်ရပ်တွေဟာ အီရန်ကိုဖိအားပေးတဲ့လုပ်ရပ်အဖြစ် မလွဲမသွေရှုမြင်ခံရမှာပါ။

အခြေအနေတွေကို ပိုရှုပ်ထွေးစေတာကတော့ အမေရိကန်အရာရှိတွေဟာ ယူအေအီးကို စစ်ထဲပိုမိုပါဝင်လာဖို့ဖိအားပေးနေတယ်ဆိုတဲ့ စွပ်စွဲချက်တွေပါပဲ။ အထူးသဖြင့် ပါရှန်းပင်လယ်ကွေ့မှာ အီရန်ပိုင်ကျွန်းတစ်ကျွန်းကို ယူအေအီးအနေနဲ့သိမ်းယူနိုင်ဖို့ စဉ်းစားစေချင်တယ်ဆိုတဲ့ သတင်းတွေထွက်လာခဲ့ပါတယ်။ ဒီသတင်းတွေက အမှန်ဟုတ် မဟုတ် မသိရသေးပေမယ့် ကျွန်းပြဿနာကို အမေရိကန်နဲ့ အစ္စရေးဘက်က အီရန်ကိုဖိအားပေးဖို့ အသုံးချလာနိုင်တယ်ဆိုတဲ့အမြင်ကို ပိုမိုအားကောင်းလာစေပါတယ်။ ယူအေအီးအတွက် ဒီအခြေအနေက အလွန်အန္တရာယ်များပါတယ်၊ သူတို့ရဲ့ မြို့၊ ဆိပ်ကမ်း၊ လေဆိပ်၊ စွမ်းအင်စနစ်၊ ငွေကြေးစနစ်တွေကလုံခြုံပြီး စီးပွားရေးကောင်းတဲ့နိုင်ငံဆိုတဲ့ပုံရိပ်တစ်ခုလုံးဟာ တည်ငြိမ်မှုအပေါ်မူတည်နေပါတယ်။ ဒါကြောင့် စစ်ထဲကို နည်းနည်းလေးပဲပါဝင်လိုက်ရင်တောင် ယူအေအီးရဲ့ဖွံ့ဖြိုးရေးပုံစံတစ်ခုလုံးကို ထိခိုက်နိုင်ပါတယ်။

အခုအချိန်မှာ ယူအေအီးရဲ့ ဘက်မလိုက်ဆိုတဲ့ ရပ်တည်ချက်ဟာ တဖြည်းဖြည်းမတည်မငြိမ်လာပါပြီ။ ယူအေအီးက စစ်ထဲတိုက်ရိုက်မဝင်ချင်ပါဘူး။ ဒါပေမဲ့ အမေရိကန်နဲ့ အစ္စရေးဆီက အပြည့်အဝခွာထွက်သွားလို့လည်းမရပါဘူး။ ဘာလို့လဲဆိုတော့ အဲဒီဆက်ဆံရေးတွေကပဲ ဒုံးကျည်ကာကွယ်ရေး၊ စစ်ရေးထောက်ပံ့မှုနဲ့ မဟာဗျူဟာအာမခံချက်တွေ ပေးနေလို့ပါ။ ဒီနှစ်မျိုးကြားက ရှုပ်ထွေးမှုကြောင့် ယူအေအီးဟာ အရင်လို ကြားနေညှိနှိုင်းသူမဟုတ်တော့ဘဲ စစ်ပွဲထဲဆွဲသွင်းခံရနိုင်တဲ့အန္တရာယ်အများဆုံးနိုင်ငံတစ်ခုဖြစ်လာနေပါတယ်၊ ယူအေအီးအတွက် အကြီးဆုံးအန္တရာယ်ကတော့ စစ်ထဲကိုတစ်ခါတည်း ခုန်ဝင်သွားတာမျိုးမဟုတ်ဘဲ တဖြည်းဖြည်းအဆင့်လိုက်ဆွဲသွင်းခံရနိုင်တာပါပဲ။

အီရန်နိုင်ငံနဲ့သက်ဆိုင်တဲ့ ငွေကြေးကွန်ရက်တွေကိုပိုမိုတင်းကျပ်စွာထိန်းချုပ်လာမယ်၊ အမေရိကန်–အစ္စရေးကာကွယ်ရေးပူးပေါင်းမှု ပိုနက်ရှိုင်းလာမယ်၊ အစ္စရေးအရာရှိတွေနဲ့ လျှို့ဝှက်ဆွေးနွေးမှုတွေများလာမယ်၊ ဟော်မုရေလက်ကြားလုံခြုံရေးမှာပါဝင်လာမယ်၊ နောက်ဆုံး အီရန်အပေါ်ဖိအားပေးဖို့ ကျွန်းပြဿနာကိုအသုံးချလာမယ်။ အဲဒီအဆင့်တစ်ခုချင်းစီကိုကြည့်ရင် “ကာကွယ်ရေးအတွက်ပါ” “မဖြစ်မနေလုပ်ရတာပါ” ဆိုပြီးရှင်းပြနိုင်ပါတယ်။ ဒါပေမဲ့ အားလုံးပေါင်းလိုက်တဲ့အခါ ယူအေအီးဟာ စစ်နားမှာ ရပ်နေတဲ့နိုင်ငံမဟုတ်တော့ဘဲ စစ်ထဲတကယ်ဝင်ရောက်တဲ့နိုင်ငံဖြစ်သွားနိုင်ပါတယ်။ **Ref: RT**

ထက်မြတ်

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၂၉)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကျင်းပ



ရန်ကုန် မေ ၂၈

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၂၉) ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ဒေသကြီး လသာမြို့နယ် အမှတ်(၂)အခြေခံ ပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီး များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပန်းချီပြိုင်ပွဲတွင် အခြေခံပညာ ကျောင်းများမှအထက်တန်း၊အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၆၉၆ ဦးဝင်ရောက်ယှဉ်ပြိုင်နေမှုကို ကြည့်ရှု အားပေးပြီး ကျောင်းသား၊ ကျောင်းသူများ အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)

# တီးတိန်မြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုအား ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် အလှူငွေ၊ ဆောက်လုပ်ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်




ဟားခါး မေ ၂၈

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင် ရေးနှင့်ပြန်လည်တည်ဆောက်ရေးကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးသည် ကော်မတီဒုတိယဥက္ကဋ္ဌ၊ တာဝန်ရှိသူများ နှင့်အတူ ယနေ့နံနက်ပိုင်းတွင် တီးတိန် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် တီးတိန် မြို့ ပြန်လည်ထူထောင်ရေးနှင့်ပြန်လည် တည်ဆောက်ရေးအတွက် အလှူငွေ၊ ဆောက်လုပ်ရေးနှင့် ကယ်ဆယ်ရေးပစ္စည်း များ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက် ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီး တို့က တရားဥပဒေစိုးမိုးမှုရှိမှသာ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးမှုအားနည်းလာပါက ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ အားနည်းလာ မည်ဖြစ်ပြီး နောက်ဆက်တွဲအဖြစ် မလိုလားအပ်သော ထိခိုက်နစ်နာဆုံးရှုံးမှု များလည်း ဖြစ်ပေါ်လာနိုင်ကြောင်း၊ သို့ဖြစ်၍ တရားဥပဒေစိုးမိုးမှုရှိရေး၊ ပြန်လည်ထူထောင် ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားကြပြီး ပြန်လည် တည်ဆောက်ရေးပစ္စည်းများဖြစ်သည့် သွပ်၊ သံ၊ ဘိလပ်မြေနှင့်လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနမှ အိမ်ထောင်စု (၈၅)စုစာ ကယ်ဆယ် ရေးပစ္စည်းများ၊ နှစ်ပတ်စာ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိတို့အတွက်ထောက်ပံ့ငွေကျပ် ၂၄၉၀၅၆၀ ပေးအပ်ရာ ဒေသခံပြည်သူများကိုယ်စား မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများက လက်ခံ ရယူကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တီးတိန်မြို့ပေါ်၌ အစိုးရပိုင်အဆောက်အအုံ များနှင့် ဒေသခံပြည်သူများ၏ နေအိမ်များ ပျက်စီးဆုံးရှုံးခဲ့မှုအခြေအနေ၊ အစိုးရ၊ တပ်မတော်နှင့်ဒေသခံပြည်သူများပူးပေါင်း၍ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက် ထားရှိမှုနှင့် တီးတိန်မြို့ ခုတင် - ၁၀၀ ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိ သော လူနာများအား ကြည့်ရှုအားပေး ခဲ့ကြောင်း သိရှိရသည်။

ခရိုင်(ပြန်/ဆက်)

# ကမ္ဘောဒီးယားနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၇၅ ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်



ရန်ကုန် မေ ၂၈

နိုင်ငံတော်အစိုးရသည် ပြည်ပတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ အခက်အခဲများကြုံတွေ့လာပါက နိုင်ငံသား များအပေါ် အလေးအနက်ထား တန်ဖိုး ထားသည့်အနေဖြင့် မြန်မာသံရုံးနှင့်မြန်မာ ကောင်စစ်ဝန်ချုပ်ရုံးတို့က သက်ဆိုင်ရာ နိုင်ငံများနှင့်ချိတ်ဆက်၍ အမိနိုင်ငံသား များ မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရန် စီစဉ် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ မြန်မာ သံရုံး(ဖနောင်ပင်)သို့ ကမ္ဘောဒီးယားနိုင်ငံ နယ်စပ်ဒေသများရှိ Online Scam အလုပ်ရုံ များမှ ထွက်ပြေးရောက်ရှိလာသည့် မြန်မာ နိုင်ငံသားအမျိုးသား ၄၅ ဦးနှင့် အမျိုးသမီး ၃၀ ဦးတို့ကို တပ်မတော်လေယာဉ်ဖြင့်ယနေ့ မွန်းလွဲပိုင်းတွင် ပြန်လည်ခေါ်ဆောင်ခဲ့ပြီး ရန်ကုန်မြို့ရှိ နယ်မြေခံလေတပ်စခန်းဌာန ချုပ်သို့ မွန်းလွဲ ၁ နာရီကျော်တွင် ရောက်ရှိ ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အမိနိုင်ငံ သားများ ပြည်ပတွင်အလုပ်လုပ်ကိုင်စဉ် အခက်အခဲများကြုံတွေ့ရပါက မြန်မာသံရုံး နှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်း ကူညီဆောင်ရွက်ပေးမှုဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ထိုသို့ ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

ခတ်ပုံ - ကနူး
ညိမ်းသူ(သတင်းစဉ်)

# မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးက ဆိုလာမီးနှင့်ဆိုလာမီးတိုင်များလှူဒါန်း

ညောင်ဦး မေ ၂၈

မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးက ဆိုလာ မီးနှင့် ဆိုလာမီးတိုင်များ လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရွှေစည်းခုံစေတီတော် ချူအင်လိုင်းတန် ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံကောင်စစ်ဝန်ရုံး ဒုတိယကောင်စစ် ဝန်ချုပ် Mr. Zhang Jun Peng က ဆိုလာမီး နှင့်ဆိုလာမီးတိုင်များ လှူဒါန်းရခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ တရုတ် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းအတွင်းရေးမှူးချုပ်က ပြင်ဦး လွင်၊ မိတ္ထီလာနှင့် ညောင်ဦးမြို့တို့သို့ ဆိုလာမီးတိုင်အစုံ(၃၀၀) လှူဒါန်းခဲ့မှုအခြေ အနေများကိုလည်းကောင်း ရှင်းလင်း ပြောကြားကြသည်။




ယင်းနောက် ဒုတိယကောင်စစ်ဝန်ချုပ် က ဆိုလာမီးနှင့်ဆိုလာမီးတိုင်များလွှဲပြောင်း ပေးအပ်ရာ ရွှေစည်းခုံဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းများပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

ခရိုင်(ပြန်/ဆက်)

## စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၃၈၇ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မေ ၂၈

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူ စားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံး နိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံး ဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရပါသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်း ရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ ၏ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်း ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့ သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်း ဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ်၊ မေလ ၂၉ ရက် နေ့မှ ဇွန်လ ၄ ရက်နေ့အထိ ရန်ကုန်အထိုင် ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း မှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၃၈၇ ဖြစ်ကြောင်း စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ် ရေးကော်မတီက အသိပေးထုတ်ပြန် ကြေညာထားကြောင်း သိရှိရပါသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်း ဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူ ပြည်သူများအနေဖြင့် စားသုံးသူရေးရာ ဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Pageနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ၏ Facebook Page တို့တွင် ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရပါသည်။


မြဝတီ

# မူဆယ်မြို့ စွမ်စော်ရပ်ကွက်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့၊ စွမ်စော်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခဲ့သူများနှင့် လုပ်ငန်းလုပ်ကိုင်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိသည့် နေရာပြပုံ။





မူဆယ်မြို့ စွမ်စော်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သည့် လုပ်ငန်းနေရာအားတွေ့ရစဉ်။



မူဆယ်မြို့ စွမ်စော်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သည့် မြန်မာနိုင်ငံသား အမျိုးသား ၃ ဦးနှင့်အမျိုးသမီး ၂၀ ဦးအား ဖမ်းဆီးရမိစဉ်။

**နေပြည်တော် မေ ၂၈**

မြန်မာနိုင်ငံအစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်နယ်မြေဒေသအသီးသီး၌ ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် ရှာဖွေစစ်ဆေးဖော်ထုတ်မှုများ ဆောင်ရွက်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ်မြို့ရှိစွမ်စော်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်လုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသားများနှင့် မြန်မာနိုင်ငံသား ၂၈ ဦးကို လုပ်ငန်းလုပ်ကိုင်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

လုံခြုံရေးပူးပေါင်းအဖွဲ့များက မူဆယ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်နေကြောင်း သတင်းအရ ယနေ့ညနေ ၃ နာရီ ၃၀ မိနစ်ခန့်တွင် မူဆယ်မြို့၊ စွမ်စော်ရပ်ကွက်ရှိ နေအိမ်တစ်လုံးအား ဝင်ရောက်ရှာဖွေစစ်ဆေးရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၄ ဦးနှင့် အမျိုးသမီး ၁ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၃ ဦး၊ အမျိုးသမီး ၂၀ ဦး၊ စုစုပေါင်းအမျိုးသား ၇ ဦးနှင့် အမျိုးသမီး ၂၁ ဦးတို့အား အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ဖုန်းမျိုးစုံ ၉၆ လုံး၊ All In One ကွန်ပျူတာ ၃၅လုံး၊ Laptop ၁ လုံး၊ Power Station (အကြီး) ၁လုံး ၊ Power Station (အသေး) ၁လုံး ၊ WiFi စက် ၃ လုံး၊ ဘက်ထရီဆိုင်ကယ် ၅ စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများနှင့် ပြစ်မှုကျူးလွန်သူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

---

## ၂၀၂၆ ခုနှစ် မေလ ၂၇ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုဒ် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | မိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင် လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

# ချယ်လ်ဆီးအသင်းက အဓိက ကစားသမားများဖြစ်သည့် အန်ဇိုဖာနန်ဒက်နှင့် ဂျာအိုပက်ဒရိုတို့ကို ရောင်းချမည်မဟုတ်ကြောင်းအတည်ပြု



လန်ဒန် မေ ၂၈

ချယ်လ်ဆီးအသင်းက အဓိကတိုက်စစ်ကစားသမား ဂျာအိုပက်ဒရိုနှင့် ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်တို့ကို ရောင်းချမည်မဟုတ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

ဂျာအိုပက်ဒရိုသည် ပြီးခဲ့သည့်နှစ်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ဘရိုက်တန်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီးနောက် ၎င်းကို လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် စပိန်ထိပ်သီး ဘာစီလိုနာအသင်းက ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် အစောပိုင်းက ဂျာအိုပက်ဒရိုကိုခေါ်ယူရန် ကမ်းလှမ်းမှုများလုပ်ဆောင်ခဲ့သော်လည်း ချယ်လ်ဆီးအသင်းက ပယ်ချခဲ့သည့်အတွက် လက်ရှိတွင် နယူးကာဆယ်အသင်းမှ ဂေါ်ဒွန်ကို ခေါ်ယူရန်ကြိုးပမ်းရာမှ သဘောတူညီမှုရရှိနိုင်ရန် နီးစပ်နေခြင်းဖြစ်သည်။

အလားတူ ယခုဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းနှင့်အတူ ထိပ်တန်းအဆင့်ခြေစွမ်းပြနိုင်ခဲ့သည့် အန်ဇိုဖာနန်ဒက်ကိုလည်း စပိန်ထိပ်တန်းကလပ်အသင်းတစ်သင်းဖြစ်သည့် ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန်ကြိုးပမ်းနေခြင်းဖြစ်ပြီး လက်ရှိတွင် အန်ဇိုဖာနန်ဒက်၏အေးဂျင့်ဖြစ်သူ ဂျာဗီးယားပက်ထရိုရီနှင့် ရီးယဲလ်မက်ဒရစ်အသင်းမှ တာဝန်ရှိသူများ ဆွေးနွေးမှုများလုပ်ဆောင်နေသည်ဟု သတင်းများထွက်ပေါ်နေခြင်းဖြစ်သည်။

အန်ဇိုဖာနန်ဒက်အနေဖြင့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် အပြောင်းအရွှေ့သတင်းများထွက်ပေါ်နေသော်လည်း တစ်ဖက်တွင် ချယ်လ်ဆီးအသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများလုပ်ဆောင်လျက်ရှိပြီး သဘောတူညီမှုရရှိနိုင်ရန် နီးစပ်လျက်ရှိသည်ဟု သတင်းများထွက်ပေါ်လျက်ရှိသည်။

ဂျာအိုပက်ဒရိုသည် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းနှင့် ပထမဆုံးဘောလုံးရာသီတွင်ပင် ပြိုင်ပွဲစုံ ၅၃ ပွဲတွင် ၂၃ ဂိုးအထိသွင်းယူနိုင်ကာ ဂိုးဖန်တီးမှု ခြောက်ကြိမ်ပြုလုပ်နိုင်ခဲ့ပြီး အန်ဇိုဖာနန်ဒက်သည်လည်း ၆၁ ပွဲပါဝင်ကစားခဲ့ကာ ၁၆ ဂိုးသွင်းယူနိုင်သည့်အပြင် ဂိုးဖန်တီးမှု ၁၀ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။ *Ref;Fabrizio Romano*

## စပါးအသင်းကို ကြီးကြီးမားမား အပြောင်းအလဲများ လုပ်ဆောင်မည်ဖြစ်ကြောင်း အတည်ပြုကြေညာ

လန်ဒန် မေ ၂၈

စပါးအသင်းတာဝန်ရှိသူများက ယခုဘောလုံးရာသီတွင် စံချိန်တင်ရလဒ်ဆိုးများနှင့် ကြုံတွေ့ခဲ့ရပြီး တန်းဆင်းရမည့်အရေးနှင့်ရင်ဆိုင်ရပြီးနောက် အသင်းကို ကြီးကြီးမားမားအပြောင်းအလဲလုပ်ဆောင်မည်ဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

စပါးအသင်းသည် ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် နောက်ဆုံးပွဲစဉ်အထိ တန်းဆင်းဇုန်ဖိအားများနှင့်ရုန်းကန်ခဲ့ရပြီး အဲဗာတန်အသင်းကို အနိုင်ရရှိသည့်အတွက် တန်းဆင်းရမည့်အရေးမှ လွတ်မြောက်ခဲ့ခြင်းဖြစ်သည်။

စပါးအသင်းအမှုဆောင်အရာရှိချုပ် ဗန်ကာတီရှန်က စပါးအသင်းတွင် ယခင်နှစ်များက ကျင့်သုံးခဲ့သည့် စည်းမျဉ်းတစ်ခုဖြစ်သော ကစားသမားများအပေါ် လုပ်ခလစာကန့်သတ်ထိန်းချုပ်သည့် စည်းမျဉ်းကို ဖျက်သိမ်းပြီး ထိပ်တန်းကစားသမားများခေါ်ယူရန် မြင့်မားသည့်လုပ်ခလစာများ အသုံးပြုမည်ဟု အတည်ပြုခဲ့သည်။

အလားတူ စပါးအသင်းပိုင်ရှင် လီဝှစ်ကလည်း အသင်းကို ယခုထက်ပိုမိုရင်းနှီးမှုများလုပ်ဆောင်ပြီး အောင်မြင်မှုများပြန်လည်ရရှိအောင် တည်ဆောက်မည်ဟုအတည်ပြုခဲ့ကာ ကစားသမားများမကြာခဏ ဒဏ်ရာရရှိနေသည့်အတွက် အသင်းလေ့ကျင့်ရေးကွင်းမြက်ခင်းပြင်ကိုလည်း ဆန်းစစ်မှုများလုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။ *Ref;One Football*

# မန်ယူအသင်းက အသင်းကွင်းလယ်ပိုင်းအတွက် အတ္တလန်တာအသင်းမှ အီဒါဆန်အား ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူရန်သဘောတူညီမှုရရှိ




မန်ချက်စတာ မေ ၂၈

မန်ယူအသင်းက အသင်းကွင်းလယ်ပိုင်းအတွက် အတ္တလန်တာအသင်းမှ ကွင်းလယ်ကစားသမား အီဒါဆန်အား ပြောင်းရွှေ့ကြေး ယူရို သန်း ၄၀ အပြင် အပိုဆုကြေး ၁၀ သန်း စုစုပေါင်း သန်း ၅၀ ဖြင့် ငါးနှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် အသင်းကွင်းလယ်ပိုင်းတွင် ကက်စ်မဲရိုးထွက်ခွာသကဲ့သို့ အူဂါတေးကိုလည်း ရောင်းချမည်ဖြစ်သည့်အပြင် အသင်းကွင်းလယ်၌ ကိုဘီမိုင်နူးနှင့် မေဆင်မောင့်တို့သာရှိနေသည့်အတွက် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ကွင်းလယ်ကစားသမားနှစ်ဦး ခေါ်ယူရန် ကြိုးပမ်းရာမှ ပထမဆုံးကစားသမား ခေါ်ယူမှုအဖြစ် အီဒါဆန်အား ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် အစောပိုင်းက အသင်းကွင်းလယ်ပိုင်းအတွက် ခရစ္စတယ်ပဲလေ့စ်မှ နေ့ဝါတန်၊ နော်တင်ဟမ်အသင်းမှ အန်ဒါဆန်တို့ကိုခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း ၎င်းတို့ကို သက်ဆိုင်ရာကလပ်အသင်းများက မြင့်မားသည့်ပြောင်းရွှေ့ကြေးသတ်မှတ်ထားသည့်အတွက် အီဒါဆန်ကိုသာ ခေါ်ယူရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

အီဒါဆန်သည် အစောပိုင်းက စပိန်ထိပ်တန်း အက်သလက်တီကိုအသင်းသို့ ပြောင်းရွှေ့ကစားရန် နီးစပ်ခဲ့သော်လည်း နောက်ပိုင်းတွင် မန်ယူအသင်းက ကမ်းလှမ်းပြီးနောက် အက်သလက်တီကိုအသင်းအပါအဝင် တခြားကမ်းလှမ်းမှုများအားလုံးကို ငြင်းပယ်ပြီး မန်ယူအသင်းသို့သာ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ *Ref;Transfer News Live*

# ဝက်စ်ဟမ်းအသင်းက ပရီးမီးယားလိဂ်ပြိုင်ပွဲမှ တန်းဆင်းရသော်လည်း အသင်းနည်းပြ ဆန်းတို့စ်အား ဆက်လက်တာဝန်ပေးအပ်ရန် ဆုံးဖြတ်ထား

လန်ဒန် မေ ၂၈

ဝက်စ်ဟမ်းအသင်းက ယခုဘောလုံးရာသီတွင် ရလဒ်ဆိုးများနှင့် တွေ့ကြုံခဲ့ရပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲမှ အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲသို့ တန်းဆင်းရသော်လည်း လက်ရှိအသင်းနည်းပြ ဆန်းတို့စ်အား ဆက်လက်တာဝန်ပေးအပ်ရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

ဝက်စ်ဟမ်းအသင်းသည် ယခုဘောလုံးရာသီတွင် တန်းဆင်းဇုန်အတွက် စပါးအသင်းနှင့် နောက်ဆုံးပွဲစဉ်အထိ အားပြိုင်ခဲ့ရပြီး ဝက်စ်ဟမ်းအသင်းက လိဒ်အသင်းကို ၃ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသော်လည်း စပါးအသင်းက အဲဗာတန်အသင်းကို ၁ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည့်အတွက် ဝက်စ်ဟမ်းအသင်းအနေဖြင့် စပါးအသင်းနှင့် ရမှတ်နှစ်မှတ်ကွာဖြင့် အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲသို့ တန်းဆင်းခဲ့ရခြင်းဖြစ်သည်။

အစောပိုင်းက ဝက်စ်ဟမ်းအသင်းတာဝန်ရှိသူများသည် အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲသို့ တန်းဆင်းခဲ့ရပါက လာမည့်ဘောလုံးရာသီအတွက် အသင်းနည်းပြအပြောင်းအလဲလုပ်ဆောင်ဖွယ်ရှိနေသည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း အသင်းတာဝန်ရှိသူများနှင့် နည်းပြဆန်းတို့စ်တို့ အနာဂတ်နှင့်ပတ်သက်ပြီး ဆွေးနွေးမှုများလုပ်ဆောင်ပြီးနောက် ဝက်စ်ဟမ်းအသင်းတာဝန်ရှိသူများက နည်းပြဆန်းတို့စ်ကိုသာ ဆက်လက်တာဝန်ပေးအပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဆန်းတို့စ်အနေဖြင့် လာမည့်ဘောလုံးရာသီ အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ရလဒ်ကောင်းများရရှိအောင်စွမ်းဆောင်ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ ပြန်လည်တက်ရောက်ခွင့်ရရှိရန် အဓိကထားစွမ်းဆောင်ပေးရမည်ဖြစ်သော်လည်း အသင်းအနေဖြင့် အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲသို့ တန်းဆင်းရပြီးနောက် အသင်းမှ အဓိက ကစားသမားအများစုကို ဆုံးရှုံးရနိုင်၍ နည်းပြဆန်းတို့စ်အတွက် ထိုးနှက်ချက်ဖြစ်လာဖွယ်ရှိကြောင်း သိရသည်။ *Ref;Top Skills Sports UK*

# ဘားအံမြို့ လှာကာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ RCC တစ်ထပ်ကျောင်းဆောင်သစ်နှင့် စာကြည့်တိုက် အဆောင်သစ်ဖွင့်



ဘားအံ မေ ၂၈

ဘားအံမြို့နယ်လှာကာကျေးရွာအခြေခံပညာအထက်တန်းကျောင်း၌ တိုးပွားလာသော ကျောင်းသားဦးရေနှင့်အညီ ကျောင်းဆောင်သစ် လိုအပ်ချက်အရ တည်ဆောက်ခဲ့သော ပေ ၉၀ x ၃၀ RCC တစ်ထပ်ကျောင်းဆောင်သစ်နှင့်ပေ ၄၀ x ၃၀ RCC တစ်ထပ် စာကြည့်တိုက်သစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစန်းကို၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်ဝန်ကြီးများက အဆိုပါ ကျောင်းဆောင်သစ်နှင့် စာကြည့်တိုက်ဆောင်သစ်တို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး သုတရသ စာအုပ်စာစောင်ပေါင်း ၁၈၀၀ ရှိသည့် ကျောင်းစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးကာ စာအုပ်စာစောင်များ ဝယ်ယူနိုင်ရန် ချီးမြှင့်ငွေများကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် လှာကာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်လက်ခံနေမှုနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ကျောင်းဝတ်စုံ၊ ဘောပင်၊ ခဲတံများ အခမဲ့ထုတ်ပေးနေမှုတို့ကို ကြည့်ရှုအားပေးကြပြီး ကျောင်းသုံးစာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

# မုံရွာမြို့ပေါ်ရှိ MSME လုပ်ငန်းများအား စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေး ကြည့်ရှုအားပေး

မုံရွာ မေ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ချမ်းမြဝတီရပ်ကွက်ရှိ တစ်ရက်လျှင် တန် ၆၀ ကျ အောင်သုခဆန်စက်ရုံ၏ ဆန်များကြိတ်ခွဲထုတ်လုပ်နေမှု၊ ထုပ်ပိုးနေမှုနှင့် ကုန်ကြမ်းသိုလှောင်ထားရှိမှုကို ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ချမ်းမြဝတီရပ်ကွက်ရှိ ရွှေကြယ်စင်မုန့်လုပ်ငန်း၏ ပေါင်မုန့်နှင့် ကိတ်အမျိုးမျိုးထုတ်လုပ်နေမှု၊ သလ္လာဝတီရပ်ကွက်ရှိ အကွာပူရသုံးရေနှင့်သောက်ရေသန့်စက်ရုံ၏ ခေတ်မီစက်ကြီးများဖြင့် ရေသန့်စင်လုပ်ငန်းဆောင်ရွက်နေမှု၊ ဓာတ်ခွဲစစ်ဆေးနေမှုနှင့် လီတာ ၂၀၊ တစ်လီတာ ရေသန့်ဘူးများ ပါကင်ထုပ်ပိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက်မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် အကွာပူရကုမ္ပဏီတို့အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသည့်ရေပေးဝေရေး လုပ်ငန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး မုံရွာမြို့အတွင်းရှိရပ်ကွက်နေ ပြည်သူများအား နေ့စဉ်သန့်ရှင်းသည့် သောက်သုံးရေ လုံလောက်စွာပေးဝေသွားရေးမှာကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# ရန်ကုန်တိုင်းဒေသကြီးအိမ်ရာစီမံကိန်းလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးမျိုးမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက PFI စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် သုခဒဂုံပြည်သူ့အငှားအိမ်ရာစီမံကိန်းလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် စီမံကိန်း(ပထမအဆင့်)လေးခန်းတွဲ ငါးထပ်အဆောက်အအုံ ၁၉၄ လုံး၊ အခန်းပေါင်း ၃၁၀၄ ခန်း ဆောက်လုပ်ပြီးဖြစ်ပါ၍ ပြည်သူများ ငှားရမ်းနေထိုင်လျက်ရှိပါကြောင်း၊ အဆိုပါအဆောက်အအုံ ၁၉၄ လုံး၌ မြေညီထပ်ကာရံခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ထပ်တိုးလာမည့် အခန်းပေါင်း ၇၇၆ ခန်းကို ပြည်သူများအတွက် ထပ်မံနေထိုင်အသုံးပြုသွားနိုင်မည်ဖြစ်ပါသဖြင့် လုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ အမျိုးသားကင်ဆာရောဂါကုသရေးဆေးရုံဝင်းအတွင်း အရာထမ်း၊ အမှုထမ်းများ နေထိုင်နိုင်ရန်အတွက် လေးခန်းတွဲငါးထပ် အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆေးရုံဝင်းအတွင်း ခြံစည်းရိုးကာရံခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ



# ပန်းတောင်းမြို့နယ်အတွင်း ဆိတ်မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု



ပန်းတောင်း မေ ၂၈

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ပန်းတောင်းမြို့နယ်အတွင်း ဆိတ်မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပန်းတောင်းမြို့နယ် ဒေါင်းမြက်နားကျေးရွာအုပ်စု၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး လိုအပ်သည့်ချေးငွေနှင့် မျိုးကောင်းမျိုးသန့်ရရှိရေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ရှိ ပြည်-တောင်ကုတ်၊ ပုသိမ်-မုံရွာကားလမ်းဆုံ၌ လမ်းညွှန်ဆိုင်းဘုတ်နှင့် မြေယာအလှူရှင်း တည်ဆောက်မည့်မြေနေရာကိုလည်းကောင်း၊ ပန်းတောင်းမြို့နယ် သရက်လိန်ကျေးရွာအုပ်စု၌ ယခင်လျှပ်စစ်မြစ်ရေတင်စနစ်မှ ဆိုလာမြစ်ရေတင်စနစ်အဖြစ် ပြောင်းလဲတည်ဆောက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပန်းတောင်းမြို့နယ် ခတ္တိယကျေးရွာအနီး ဧရာဝတီမြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ဧရာဝတီမြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ လိုအပ်သည်များမှာကြားကာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်မည့်နေရာကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(၄၁၀)

## ရေချွေတာရေးနည်းလမ်းများ

- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသောပုံးဖြင့်ယာဉ်များကိုဆေးကြောပါ။
- ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံးအသုံးပြုပါ။
- အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက်မသုံးပါနှင့်။
- အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။
- ဘုံပိုင်ခေါင်းကို မသုံးဘဲဖွင့်ထားခြင်းမပြုပါနှင့်။
- သွားတိုက်နေစဉ် ဘုံပိုင်ခေါင်းဖွင့်မထားပါနှင့်။
- သွားတိုက်လျှင် ရေဖန်ခွက်အမြဲအသုံးပြုပါ။


အင်္ဂလန်နိုင်ငံ International Brewing Awards၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
ပင်ရင်းအရောင်း - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
THE BEST QUALITY TYRE
ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
ဆိုင်ကယ်တာယာ
ကားတာယာ
သုံးဘီးတာယာ


Smart
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
Quality For You
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ဒုတိယသမ္မတ ဦးညိုစော ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ H.E. Mr. Alexander EGOROV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ


## မြန်မာ- ဘယ်လာရုစ် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးနှင့်ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ခိုင်မာစေရေးဆွေးနွေး

နေပြည်တော် မေ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောသည် ဘယ်လာရုစ်သမ္မတနိုင်ငံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ H.E. Mr. Alexander EGOROV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုများပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံ ဗဟိုဘဏ်များအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာနားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးခဲ့မှုနှင့် ဗဟိုဘဏ်အချင်းချင်း နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အထောက်အကူပြုနိုင်မည့် ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဦးညိုစောနှင့်အတူ ဒုတိယဝန်ကြီး ဦးခင်လတ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့်အတူ ဟန္နိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Uladzimir BARAVIKOU နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ မြဝတီ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ H.E. Mr. Alexander EGOROV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

## အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများသို့ ဝင်ရောက်

နေပြည်တော် မေ ၂၈

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများနှင့် ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီးဖြစ်ပါသည်။ (မိုး/ဇလ)




၂၀၂၆ ခုနှစ်၊ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်သည့်ရက်များပြပုံ

**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဗထူးတပ်နယ်ရှိ ခြေလျင်တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူးသင်တန်းသားများနှင့် သင်တန်းနည်းပြများအား တွေ့ဆုံအမှာစကားပြောကြား** စာ - ၁၆ သို့

**ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ၄ ထပ် လူနေအဆောက်အအုံ ၃ လုံးအား စနစ်တကျ ထပ်မံဖြိုချဖျက်ဆီး** စာ - ၂၂ သို့

**မူဆယ်မြို့၊ စွမ်စော်ရပ်ကွက်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ** စာ - ၂၇ သို့

**ကမ္ဘောဒီးယားနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၇၅ ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်** စာ - ၂၅ သို့

